# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၄၄)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို၍ မဟာဗောဓိပင် စိုက်ပျိုးပူဇော်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ စေတီတော်တည်ထားမည့် ကုန်းတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်ကြသည်။

**<u>တက်ရောက်ကြည်ညို</u>**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

**ကျောဖုံးသို့**





## လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာဗောဓိပင် စိုက်ပျိုးမည့်နေရာကို မြေဆီ မြေသြဇာများနှင့် ရေစင်ရေသန့် ပရိတ်နံ့သာရည်များဖြင့် သွန်းလောင်းပက်ဖျန်းပူဇော်ကြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

# အရည်အသွေးပြည့်ဝသည့် ပညာရှင်များဖြစ်ရေးကြိုးပမ်း အမျိုးသားရေးအကျိုးစီးပွားကို ထိန်းသိမ်းမြှင့်တင်

မျက်မှောက် နိုင်ငံတကာမျက်နှာစာကြည့်ပါက နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့်လူမျိုး အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ထွန်းကားပြန့်ပွားရေးနှင့် မျိုးဆက်သစ်လူငယ်များအား ခေတ်မီနည်းပညာများ အသုံးပြု လေ့ကျင့်ပျိုးထောင်ပေးရေးတို့ကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေကြသည်။

မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်လူငယ်များအား ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်သိကျွမ်းကျင်ပြီး စွမ်းဆောင်ရည် ထက်မြက်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ပေါ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေး နှစ်တို နှစ်ရှည်စီမံကိန်းအဆင့်ဆင့်ကိုချမှတ်ပြီး အခြေခံပညာကဏ္ဍမှစ၍ ကျောင်းသူ ကျောင်းသားလူငယ်များကို တစ်ဦးချင်း ဝါသနာဗီဇ ထူးချွန်ထက်မြက်မှုနှင့် အောင်မြင်နိုင်မှု အလားအလာတို့ကို ဖော်ထုတ်လေ့ကျင့် ပြုစုပျိုးထောင်ပေးနေသည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၏ လူမှုရေးနှုန်းစံများ၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို မြတ်နိုးထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်မြင့်မားသော လူငယ်များဖြစ်လာစေရန်လည်း လေ့ကျင့်ပေးနေသည်။

ယနေ့ အချိန်အခါတွင် နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မူဝါဒများ မှန်ကန်ပြည့်စုံမှု၊ ဆရာ ဆရာမများ၏ စနစ်တကျ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသူ ကျောင်းသားများ၏ ကြိုးစားအားထုတ်မှု၊ မိဘပြည်သူများ၏ အားပေးကူညီမှုတို့ပေါင်းစည်းပြီး အမျိုးသားပညာရေး စီမံကိန်းများ အောင်မြင်စွာ ပေါ်ထွန်းလာနေပြီ ဖြစ်သည်။

အလားတူ ကျောင်းသူ ကျောင်းသားလူငယ်များသည် ပညာရေးဆိုင်ရာ မျှော်မှန်းချက်များနှင့်အညီ ပညာရည်မြင့်မားပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။

ကျောင်းသူကျောင်းသားလူငယ်များသည် ထူးချွန်ထက်မြက်ပြီး အရည်အသွေး ပြည့်ဝမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာရေး ကြိုးပမ်းအားထုတ်ပြီး နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို ထိန်းသိမ်းမြှင့်တင်ပေးသွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏

### ဆုံးမဩဝါဒ (၂)

အများအကျိုး ရွက်သယ်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မဖွဲ့စကောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့။ ။

(သာသနာရေး)

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၁၁-၂၀၀၆ ရက် (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy.

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆:၄၅ ၄။ အကပဒေသာ
၁၆:၅၅ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆို၊အကများ
၁၇:၁၅ ၇။ တေးဂီတအစီအစဉ် **(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)**
၁၇:၃၀ ၈။ **"တန်ဖိုး"** (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)
၁၇:၃၅ ၉။ မြန်မာတကောင်း ပျူတကောင်း (ကိုကျော်ဆွေ၊ မလှိုင်သန်းထွန်း) (ဣန္ဒာဆွေ သီကုံးဖွဲ့နွဲ့သည်)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၂၅)
၁၈:၅၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း- ၁၇)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"**(အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)

## မြဝတီရုပ်မြင်သံကြား

၁၃-၁၁-၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၇၄)(ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မေးမြန်းစူးစမ်း
၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** အပိုင်း(၂၀)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဗီယက်နမ်နိုင်ငံ ကန်တိုလေဆိပ် အဆင့်မြှင့်တင်တည်ဆောက်သွားမည်

ဟနွိုင်း နိုဝင်ဘာ ၁၂

**ဗီယက်နမ်နိုင်ငံ ကန်တိုမြို့တောင်ပိုင်းရှိ ပြည်တွင်းလေဆိပ် တစ်ခုအား နိုင်ငံတကာလေဆိပ်အဆင့်သို့ ဗီယက်နမ် ဒေါင်ငွေ ၈၉၇ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၅သန်း) အကုန်အကျခံကာ အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်တွင်းသတင်းစာ ဖြစ်သော ဆေးဂုံလစ်ဘရေးရှင်း သတင်းစာက နိုဝင်ဘာ ၉ရက်၌ သတင်းထုတ်ပြန်သည်။**

**အဆင့်မြှင့်တင်**

ကန်တိုလေဆိပ်တွင် ဘိုးရင်း ၇၆၇ လေယာဉ်များအသုံးပြုနိုင်သည့် ၂ ဒသမ ၄ ကီလိုမီတာရှည်သည့် လေယာဉ်ပြေးလမ်းကို အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့် ဒီဇင်ဘာလတွင် ပြီးစီးလိမ့်မည် ဖြစ်သည်။ အဆင့်မြှင့်တင်မှုများတွင် လေယာဉ်စီးခရီးသွားများ ခေတ္တနားခိုရာ နေရာများ ပါဝင်ပြီး လာမည့်နှစ် ဖေဖော်ဝါရီလတွင် စတင်ကာ ၂၀၀၉ ခုနှစ်၌ ပြီးစီးလိမ့်မည် ဖြစ်သည်။

**ဝန်ဆောင်မှုများပေးနိုင်**

အဆင့်မြှင့်တင်မှုများအပြီး၌ ဖြစ်ပေါ်လာမည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်သည် ခရီးသည်နှစ်သန်းအား နှစ်စဉ် ဝန်ဆောင်မှုများပေးနိုင်မည် ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ယခုအချိန်အထိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

**သယ်ယူပို့ဆောင်ပေးခဲ့**

ဗီယက်နမ် လေကြောင်းသယ်ယူပို့ဆောင်ရေးအနေဖြင့် ယခုနှစ် ပထမ ၁၀ လအတွင်း ခရီးသည်၆ဒသမ ၁ သန်းနှင့်ကုန်ပစ္စည်းတန်ချိန်၁၀၀၈၀၀သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံး၏ စာရင်းဇယားများအရ သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဖရိကပြည်သူများနှင့် အမျိုးသမီးများ၏ကျန်းမာရေး တိုးတက်ရန် ဒဗလျူအိတ်ချ်အိုက ဆောင်ရွက်သွားမည်ဟု မာဂရက်ချန်ပြောကြား

ဂျီနီဗာ နိုဝင်ဘာ ၁၂

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)အကြီးအကဲအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည့် မာဂရက်ချန်က ဒဗလျူအိတ်ချ်အိုအနေဖြင့် အနာဂတ်ကာလတွင် အာဖရိကနိုင်ငံများနှင့် အမျိုးသမီးများ၏ကျန်းမာရေးအပေါ် အာရုံစိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၉ရက်၌ ပြောကြားလိုက်သည်။**

အာဖရိက ပြည်သူများ အနေဖြင့် အချိန်မတန်မီ သေဆုံးရမှုများပြားနေကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။ အာဖရိကပြည်သူများ၏ ကျန်းမာရေးသည် ဒဗလျူအိတ်ချ်အို ညွှန်ပြမှုမှာအရေးကြီးသည့်အနေအထားတွင် ရှိနေကြောင်းလည်း မာဂရက်ချန်က ပြောကြားသည်။

**ပြောကြား**

မာဂရက်ချန်သည် ဒဗလျူအိတ်ချ်အို အကြီးအကဲအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံက ဆုံးဖြတ်အတည်ပြုခဲ့ပြီးနောက် ၎င်းက မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**ပိုမိုဂရုစိုက်**

ထို့အပြင် အခြားဒဗလျူအိတ်ချ်အို၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင်ကြိုးစားလုပ်ဆောင်သွားမည်ဟု မာဂရက်ချန်က ဆက်လက်ပြောကြားလိုက်သည်။ အမျိုးသမီးများအနေဖြင့် ကလေးငယ်များအပေါ် ပိုမိုဂရုစိုက်ပြုစုစောင့်ရှောက်နိုင်ရေးကိုလည်း ကြိုးစားလမ်းညွှန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပွားမှု လျော့နည်းကျဆင်းသွားရန်လည်း ဆောင်ရွက်ပေးသွားမည့်အပြင် အမျိုးသမီးများဘဝ ကျန်းမာရေး တိုးတက်ကောင်းမွန်လာအောင်လည်း ဆောင်ရွက်ပေးသွားမည်ဟု ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) တတိယနေ့ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှတွေ့ရှိချက်များတင်ပြ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ပြန်လည်ရှင်းလင်း



နေပြည်တော် နိုဝင်ဘာ ၁၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) တတိယနေ့ကို နိုဝင်ဘာ ၇ ရက် နံနက် ဇေယျာရီက နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၏ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အစုအဖွဲ့များက ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကိုတင်ပြကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြသည်။**

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) တတိယနေ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

## သဘာပတိ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) တတိယနေ့ နံနက်ပိုင်းသဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော သူရဦးအေးမြင့်နှင့် ဦးခင်မောင်မြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်မေစုကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် ဖားဆောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရီရီထွေးက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၆)တတိယနေ့သို့ တက်ရောက်လာကြသော ကိုယ်စားလှယ်ပေါင်း ၅၀၀ရှိသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) တတိယနေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## ပိုမိုဖွင့်လှစ်

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)၏ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များက တင်ပြကြရာ ရှေးဦးစွာ **"စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ"**နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝေလင်းက ဆွေးနွေးတင်ပြရာတွင် အသင်းဝင်အင်အား တိုးပွားလာသကဲ့သို့ အရေအတွက်မှ အရည်အချင်းပြည့်ဝသည့် အသင်းဝင်များ ဖြစ်လာစေရေးနှင့် အရည်အချင်းရှိသော အရေအတွက်များဖြစ်လာစေရန် ရက်တိုရက်ရှည်သင်တန်းများ၊ ဆင့်ပွားသင်တန်းများကို ယခုထက် ပိုမိုဖွင့်လှစ်ပေးသင့်ကြောင်းကို အကြံပြုတင်ပြလိုကြောင်း။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးဘာသာ သာသနာကို ဦးထိပ်ထားသော အသင်းကြီးဖြစ်သည်နှင့် အညီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်း၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို နေရာပေါင်း ၂၇၆၆၇ နေရာ၌ သင်တန်းသား သုံးသန်းကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည့်အတွက် ကျေနပ်ဝမ်းမြောက်မိသကဲ့သို့ နောင်ကိုလည်း ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတင်ပြလိုကြောင်း။

## အချိန်နှင့်တစ်ပြေးညီ

ယနေ့ကာလသည် သတင်းနှင့် နည်းပညာခေတ်ဖြစ်သည့်အားလျော်စွာ သတင်းအချက်အလက်များ ထုတ်လွှင့်မှု နည်းစနစ်များတွင်လည်း ကမ္ဘာနှင့်အဝန်း တစ်ရှိန်ထိုး မြန်ဆန်စေသည့် Information Technology လုပ်ငန်းများ နေ့စဉ်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးနေသည့်အတွက် အသင်းကြီး၏ လှုပ်ရှားဆောင်ရွက်မှုများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက တစ်ကမ္ဘာလုံးဖြန့်ကြက် သိရှိနိုင်စေရန်အတွက် အသင်းဌာနချုပ်ရုံး၌ Website လုပ်ငန်း ထူထောင်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့် Website ထုတ်လွှင့်ခြင်းလုပ်ငန်းများကို နေ့ရောညပါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် အထူးအားရဝမ်းသာ ဂုဏ်ယူမိကြောင်းကို တင်ပြအပ်ပါကြောင်း၊ အလားတူ ပြည်နယ်နှင့်တိုင်း အသင်းရုံးများတွင်လည်း အသင်းလှုပ်ရှားဆောင်ရွက်မှုများ၊ ထူးခြားဖြစ်စဉ် သတင်းအချက်အလက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပေးနိုင်ရန်အတွက် ခေတ်မီ Internet Line များ ချိတ်ဆက်တပ်ဆင်ပေးပြီးဖြစ်၍ ထိထိရောက်ရောက် သုံးစွဲသင့်ကြောင်းနှင့် ၎င်းစက်ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည့်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသင့်ပါကြောင်းကို အကြံပြု တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးပွဲကြီးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်က ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၆ရက်နေ့မှ ၂၁ရက်နေ့အထိ နိုင်ငံအဝန်း၌ ဦးဆောင်ကျင်းပနိုင်ခဲ့ကြောင်း၊ ထိုသို့ ကျင်းပပြုလုပ်နိုင်ခြင်းသည် အသင်းကြီး၏ စည်းရုံးရေးစွမ်းအားရင့်ကျက်လာခြင်းကြောင့်ဖြစ်သကဲ့သို့ ပြည်ထောင်စု စိတ်ဓာတ်ခိုင်မာမှုကို တညီတညွတ်တည်း ပြသနိုင်သည့်အတွက် ဂုဏ်ယူမိပါကြောင်းကို တင်ပြလိုကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော် လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာ အာဏာပိုင်မှုများကို ထိပါးစော်ကားလာသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး တိုးတက်ရေးလမ်းကြောင်းမှ ဆူးငြောင့်ခလုတ် အဟန့်အတားများကို တိုင်းရင်းသား ပြည်သူများနှင့်အတူ မပြတ်သတိပြု၍ ရှင်းလင်းဖယ်ရှားသွားကြရန် လိုအပ်ပါကြောင်းကို တင်ပြအပ်ပါကြောင်း။

## သြဝါဒမြွက်ကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၂၀၀၅)ခုနှစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတွင်

စာမျက်နှာ ၅ ကော်လံ ၁




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) တတိယနေ့ နံနက်ပိုင်း သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော သူရဦးအေးမြင့်နှင့် ဦးခင်မောင်မြင့်တို့ ဆောင်ရွက်စဉ်။** (သတင်းစဉ်)

## တက်ရောက်သူများ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) တတိယနေ့အစည်းအဝေးတွင် တက်ရောက်သူများအား တွေ့ရစဉ်။** (သတင်းစဉ်)





**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တတိယနေ့တွင် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝေလင်း ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တတိယနေ့တွင် ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ဧရာဝတီတိုင်း မအူပင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အတာဦး ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

# နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးအားထုတ်ကြိုးပမ်း

*စာမျက်နှာ ၄ မှ*

**“အမျိုးသားရေးတာဝန်ကို ဆောင်ရွက်ကြမည့် နိုင်ငံသားကောင်းများပီပီ ဒို့တာဝန်အရေးသုံးပါးကို မမှိတ်မသုန် ခံယူပြီး နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ကြရေး၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပိုမိုခိုင်မြဲအောင် အားထုတ်ကြိုးပမ်းကာကွယ်စောင့် ရှောက်ကြရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာအောင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ တည်ဆောက်သွားကြရေး”**တို့ကို အလေးအနက်ထား သြဝါဒမြွက်ကြားခဲ့ကြောင်း။

နာယကကြီး၏ လမ်းညွှန်ချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်က လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးပြီး တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်းကို တင်ပြလိုကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။



**ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း နှစ် ပတ် လည် သင်း လုံး ကျွတ် အစည်း အဝေး (၂၀၀၆)တတိယနေ့တွင် ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ် ပြန်လည်ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## ပိုမိုအောင်မြင်

ထို့နောက်**“ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ”** နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ဧရာဝတီတိုင်း မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အတာဦးက ဆွေးနွေးတင်ပြသည်။

မိမိတို့ အသင်းသူ အသင်းသားများသည် အသင်းကြီး၏ ရည်ရွယ်ချက်၊ သုံးသပ်ကြည့်သည့်အခါ အတွေ့အကြုံအတော်အတန်ရရှိခဲ့ပြီးဖြစ်၍ လူမှုရေးလုပ်ငန်းများကို ဖော်ဆောင်ရာတွင် မျှော်မှန်းသည်ထက် ပိုမိုပြီးအောင်မြင်ခဲ့သည်ဟု သုံးသပ်မိပါကြောင်း၊ ထိုအောင်မြင်မှု ရလဒ်ကောင်းများကို ယနေ့လက်တွေ့ဆောင်ရွက်မှုလုပ်ရပ်များက သက်သေပြလျက်ရှိနေကြောင်း။

ထိုအောင်မြင်မှု ရလဒ်ကောင်းများအပေါ် အခြေခံပြီး စည်းရုံးရေး ထက်မြက်စေရန်၊ ပြည်သူများ၏ ယုံကြည်ကိုးစားမှု တိုးပွားလာစေရန် ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

## သွက်လက်ထက်မြက်

ပညာရေးရာအဖွဲ့ အနေဖြင့် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း၊ ရွှေနိုင်ငံဂျာနယ်၊ စိမ်းလဲ့ရွှေပြည်ဂျာနယ်၊ အေးချမ်းသာယာသတင်းလွှာ၊ နှစ်ပတ်လည်ဂုဏ်ပြု အထိမ်းအမှတ်ဂျာနယ်၊ မဂ္ဂဇင်း၊ ပို့စကတ်၊ ပညာပေး စာအုပ်စာစောင်များ ပုံမှန်ထုတ်ဝေလျက်ရှိသည်ကို တွေ့ရကြောင်း၊ ဤမဂ္ဂဇင်း၊ ဂျာနယ်များသည် စာဖတ်သူပြည်သူများနှင့် အသင်းဝင်များကို အမှန်တကယ် အကျိုးရှိစေသည့်အတွက် စောင်ရေ ပိုမိုတိုးတက်စေရေး၊ စာစောင်အရည်အသွေးမြင့်မားစေရေး၊ စာရေးသူနှင့် အကြောင်းအရာ ပိုမိုစုံလင်စေရေးတို့ကို အလေးပေးဆောင်ရွက်ပေးသင့်ကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် မြန်မာ့ဂုဏ်ရည်ကဲ့သို့သော မဂ္ဂဇင်းမျိုးကို သုံးလတစ်ကြိမ်အစား တစ်လတစ်ကြိမ် ထုတ်ဝေမည်ဆိုပါက စာဖတ်ပရိသတ်အနေဖြင့်လည်း သုတ၊ ရသ၊ ဗဟုသုတကဏ္ဍစုံကို စဉ်ဆက်မပြတ် သိရှိခံစားနေနိုင်မည့်အပြင် အသင်းကြီး၏ စည်းရုံးရေးလည်း ပိုမိုသွက်လက်ထက်မြက်လာစေမည်ဖြစ်ကြောင်း။

ပါဝင်ကူညီဆောင်ရွက်ခဲ့ခြင်းများကို ကြည့်လျှင် ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်၍ ဆုများချီးမြှင့်ခြင်း၊ ကျောင်းအပ်နှံရေးနေ့တွင် ပါဝင်ကူညီခြင်း၊ ကျောင်းဆောက်လုပ်ရာတွင် လူအား၊ ငွေအားပါဝင်ခြင်းအပြင် ကျောင်းသုံးပရိဘောဂနှင့် အခြေခံပညာကျောင်းများသို့ စာရေးခုံများကို တစ်နိုင်ငံလုံးမှ ကျောင်းပေါင်း ၄၆၅၈ ကျောင်းသို့ စာသင်ခုံ၃၂၈၅၈လုံး၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၃၇၇၈သိန်းကျော်ကို လှူဒါန်းခဲ့ကြောင်းသိရှိရသဖြင့် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ နှောင်လာပေါက်ခဲ့သော ရေလွှမ်းမိုးမှု ဘေးအန္တရာယ်မှကင်းလွတ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရေဘေးဒုက္ခသည်များကို ငွေ၊ ပစ္စည်း ထောက်ပံ့ပေးခဲ့ရုံသာမကဘဲ ပျက်စီးသွားသော



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) တတိယနေ့အစီအစဉ် ဒုတိယပိုင်းတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် သူရဦးအောင်ကိုတို့ ဆောင်ရွက်စဉ်။** (သတင်းစဉ်)



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်း အဝေး (၂၀၀၆)တတိယနေ့တွင် ဒို့တာဝန် အရေးသုံးပါးကို အသက်ပေး ကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းအောင်ကျော် ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်း အဝေး (၂၀၀၆)တတိယနေ့တွင် စီးပွားရေးရာကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို မကွေးတိုင်း ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဲဝါ ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

## ထပ်မံတူးဖော်

ထို့အပြင် အသင်းကြီးနှင့် အခြားလူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အင်တာနေရှင်နယ် (N.G.O) (LDSC) အသင်းတို့ပူးပေါင်းပြီး သောက်သုံးရေရှားပါးသော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် စက်ရေတွင်း ၃၈တွင်း၊ တန်ဖိုးငွေကျပ်သိန်းပေါင်း၁၇၇၀ ပါဝင်နိုင်ခဲ့သည်ကို မြင်ရပါကြောင်း၊ ဆက်လက်ပြီး သောက်သုံးရေရရှိရေးအတွက် ရေတွင်းများကို ရေရှားပါးသည့် ဒေသများ၌ ထပ်မံတူးဖော်ပေးသင့်ကြောင်းကို အကြံပြု တင်ပြအပ်ပါကြောင်း။

ယခုအခါတွင် မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်အောင် ကြိုးပမ်း တည်ဆောက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြကြောင်း။

ထို့ကြောင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးတက်မြင့်မားလာစေရန်အတွက် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိကြောင်း၊ မှားမှန်/ကောင်းဆိုး ကြောင်းကျိုးနှစ်တန်ခွဲခြားသိမြင်နိုင်မည်ဖြစ်၍ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာဗဟုသုတရှာမှီးနိုင်အောင် စာကြည့်တိုက် များစွာရှိရန် လိုအပ်ကြောင်း။

ထို့ကြောင့် ကျေးရွာတိုင်း စာကြည့်တိုက်တစ်ခု ထူထောင်နိုင်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဖွင့်လှစ်ပြီးသည့် စာကြည့်တိုက်များကိုလည်း အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေအောင် အားပေးစောင့်ရှောက်ရေးအစီအမံများ ထားရှိဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို အကြံပြုလိုကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ “စီးပွားရေးရာကဏ္ဍ” နှီးနှောဖလှယ်ပွဲမှတွေ့ရှိချက်များကို မကွေးတိုင်း ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဲဝါက ဆွေးနွေးတင်ပြသည်။

## အစွမ်းကုန်ဆောင်ရွက်

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်သည့်စပါးအပါအဝင် သီးနှံမျိုးစုံ စိုက်ပျိုးနိုင်ရေး၊ အထွက်တိုးနိုင်ရေး အလေးထားဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အစွမ်းကုန် ဆောင်ရွက်ပေးခဲ့ကြောင်း။

## ရည်မှန်းလုပ်ဆောင်လျက်ရှိ

စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း တာတမံပေါင်း ၁၈၉ခု၊ ကျေးလက်ဆည်ပေါင်း ၈၀၀နီးပါးနှင့် မြစ်ရေတင်စီမံကိန်း ၂၉၀ကျော်ကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ၁၈နှစ်ခန့်ကာလတိုအတွင်း အံ့မခန်းတိုးတက်မှုပင်ဖြစ်ကြောင်း၊ စိုက်ပျိုးဧရိယာတိုးတက်မှုသည် ၁၉၈၈ခုနှစ်က ဧ ၂၃ဒသမ၈သန်းသာရှိခဲ့ရာမှ ယခု ၄၆ဒသမ၁သန်းအထိ တိုးတက်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်က စပါးတင်း ၆၅၃သန်းထွက်ရှိပြီး ယခုတင်းသန်းပေါင်း ၁၃၀၀နီးပါးအထိ ထွက်ရှိကြောင်း၊ တင်းသန်းပေါင်း ၁၅၀၀အထိ ထွက်ရှိရန်လည်း ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း၊ စပါးအပြင် အခြားသီးနှံများကိုလည်း ရာသီအလိုက် ပန်းတိုင်အထွက်နှုန်း တိုးတက်အောင် သတ်မှတ်ဆောင်ရွက်နေသည့်အတွက် စားနပ်ရိက္ခာဖူလုံမှုညွှန်းကိန်းဇယားအရ အာရှ ၂၄နိုင်ငံတွင် မြန်မာနိုင်ငံသည် အဆင့်(၆)တွင်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း။

စီးပွားရေး ဦးတည်ချက်တွင် “စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”ဟုပါရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၀၅ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးတွင် အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက**“နိုင်ငံတော်အတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံတွေ ပြည့်စုံဖို့ ဒေသစုံ၊ ဘက်စုံ၊ ကဏ္ဍစုံမှာ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဒေသ(၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်နေသလို စိုက်ပျိုးရေးကဏ္ဍ အခြေခံပြီး အခြားကဏ္ဍများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေတယ်”**ဟု မိန့်ကြားခဲ့ကြောင်း။ *စာမျက်နှာ ၆ ကော်လံ ၁*

# မှားမှန်/ကောင်းဆိုး ကြောင်းကျိုးနှစ်တန် ခွဲခြားသိမြင်နိုင်ရန် ပညာဗဟုသုတများရှာမှီးနိုင်သည့် စာကြည့်တိုက်များစွာရှိရန်လိုအပ်

အခြေခံမှု၊ ကတိသစ္စာ၊ ကျင့်ဝတ်၊ တာဝန်ဝတ္တရားများကို ခံယူကျင့်သုံးအကောင်အထည်ဖော်နိုင်ရေးအပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရေးအတွက် လက်တွဲညီညီ ကြိုးပမ်းထမ်းဆောင်ကြရန် တာဝန်ကိုယ်စီရှိကြကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး အင်အားစုကြီးတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်ခြင်းသည် ၁၃နှစ်ကာလသို့ ဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း၊ အသင်းကြီး၏ လှုပ်ရှားဆောင်ရွက်မှုများကို ပြန်လည်

ထို့အပြင် ပညာပေးလုပ်ငန်းစဉ်၏ ပထမခြေလှမ်းအဖြစ် လုံးချင်းစာအုပ်ကိုးအုပ် ထွက်ရှိလာသည်ကို တွေ့ရှိရကြောင်း၊ ဤသည်မှာ မြန်မာ့စာအုပ်ထုတ်ဝေရေး လောကတွင် အသင်းကြီး၏ တစ်ထောင့်တစ်နေရာက ပါဝင်လာမှု ဖြစ်သည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းကို ပြောကြားလိုကြောင်း၊ ထိုသို့ထွက်ရှိလာရာတွင် သုတစာပေ တစ်ခုတည်းသာမကဘဲ ရသစာပေများကိုလည်း ထုတ်ဝေနိုင်မည်ဆိုလျှင် သင့်လျော်မည်ဟု ယူဆမိပါကြောင်း။

ဆက်လက်ပြီး လူမှုရေးအသင်းအဖွဲ့များတွင် မိမိတို့အသင်းအနေဖြင့် မည့်နှစ်များတွင်လည်း လိုအပ်နေသည့် ကျောင်းများ၌ ဆက်လက်ဖြည့်ဆည်းပေးသင့်ကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း၊ ထို့အပြင် ကျောင်းဝတ်စုံလှူဒါန်းခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာသင်ဝိုင်း၊ စာဖတ်ဝိုင်း၊ စေတနာ့ကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဟောပြောပွဲများ၊ လက်တွေ့ပညာပေးလုပ်ငန်းများ ပါဝင်ကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

လူထုလူတန်းစား အလွှာများအဖွဲ့ခွဲနှင့်ပတ်သက်ပြီး အသင်းဝင်များသည် မန္တလေးတိုင်းတွင် ပေါ်သီးနှံများကို အစားထိုး စိုက်ပျိုးရာတွင် ကူညီပံ့ပိုးခဲ့သည်ကို တွေ့နိုင်ကြောင်း။

ဆက်လက်ပြီး အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျနေသော အကျဉ်းသားများအား စားစရာ၊ ဆေးဝါး၊ အသုံးအဆောင်များကို ထောက်ပံ့ပေးနိုင်ခဲ့ပြီး မိသားစုနှင့်ဆက်သွယ်ပေးမည့်စာများကိုလည်း အိမ်တိုင်ရာရောက် ကူညီမှုများပေးခဲ့ကြောင်း၊ ဤလုပ်ရပ်သည် လူသားချင်းစာနာထောက်ထားပြီး ကူညီသည့်လုပ်ရပ်ဖြစ်သကဲ့သို့ စည်းရုံးရေးအရလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသင့်ပါကြောင်းကို တင်ပြလိုကြောင်း။

# စီးပွားရေးပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှု ရပ်တန့်မည်မဟုတ် ပြည်သူ့အင်အားကိုအခြေခံပြီး စီးပွားရေးဖွံ့ဖြိုးရန် ဘက်စုံကြိုးပမ်းလျက်ရှိ

စာမျက်နှာ ၅ မှ

## တိုးမြှင့်သုံးစွဲနိုင်

စက်မှုဖွံ့ဖြိုးပြီး စီးပွားရေးတိုးတက်ဖို့အတွက် လျှပ်စစ်စွမ်းအား အလုံအလောက်ရရှိရေးကိုလည်း နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိကြောင်း၊၁၉၈၈–၈၉ ခုနှစ်က လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၂၈ ရှိခဲ့ရာမှ ယခုအခါ ကီလိုဝပ်နာရီသန်းပေါင်း ၅၃၂၅ အထိ တိုးမြှင့်သုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများမှာမုံး၊ တီကျစ်၊ ပေါင်းလောင်းတို့ ဖြစ်ကြပြီး တည်ဆောက်ဆဲ ရေအားလျှပ်စစ်စက်ရုံများအနေဖြင့် ရဲနွယ်၊ ဖြူးချောင်း၊ ခပေါင်း၊ ကျိုင်းတောင်း၊ ရဲရွာ၊ ကွန်ချောင်း၊ ရွှေလီ၊ ရွှေကျင်၊ ထမံသီ၊ တာဆန်း၊ မဏိပူရတို့ဖြစ်ကြကြောင်း၊ ထိုရေအားလျှပ်စစ်စက်ရုံကြီးများကို စီမံကိန်းကာလထက်စောပြီး သတ် မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် နိုင်ငံတော်အစိုးရက အထူးတွန်းအားပေးဆောင်ရွက်နေခြင်းကို မိမိတို့အားလုံး မြင်တွေ့သိရှိနေရကြောင်း၊ ၂၀၀၈ခုနှစ်ခန့်တွင် မိမိတို့နိုင်ငံ၌ ပြည်တွင်းလျှပ်စစ်သုံးစွဲမှု အလုံအလောက်ရှိလာမည့်အပြင် ပိုလျှံလာမည့်အနေအထား ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ စွမ်းအင်ကဏ္ဍတွင်လည်း သဘာဝဓာတ်ငွေ့သိုက်များ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၌ ထပ်မံရှာဖွေတွေ့ရှိသည့်အတွက် စီးပွားရေးပိုမို ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများကို တွေ့မြင်နေရပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်ရန် နေ့မအားညမနား ကြိုးပမ်းနေချိန်တွင် ပြည်တွင်းမှ အာဏာကိုအချောင်ရယူလိုသူတစ်စုနှင့် ပြည်ပြေး အမျိုးသားသစ္စာဖောက်တစ်စုတို့ ပူးပေါင်းပြီး ပြည်ပသြဇာခံ ရုပ်သေးအစိုးရဖြစ်ရေး အားထုတ်လုပ်ကိုင်နေကြကြောင်း၊ ၎င်းတို့သည် ပြည်တွင်းမှနေပြီး မဟုတ်မမှန်သတင်းများ ပေးပို့နေကြကြောင်း၊ ပြည်ပ ဆရာကြီးများကလည်း သူ့တပည့် အာဏာရလျှင်ပြီးရော သဘောဖြင့် မဟုတ်မ တရား စွပ်စွဲနေကြကြောင်း၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးဟန့်တား ပိတ်ဆို့မှု၊ ကုန်သွယ်ရေးဟန့်တား ပိတ်ဆို့မှု၊ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ရန် ဟန့်တားပိတ်ဆို့မှု၊ ကမ္ဘာလှည့် ခရီးသည်များ မလာရောက်ရန် ဟန့်တားပိတ်ဆို့မှုများနှင့် ဖိအား အမျိုးမျိုးပေးနေကြကြောင်း။

သို့သော်လည်း မြန်မာနိုင်ငံသည် အထီးကျန် ဝါဒကျင့်သုံးနေသည့် နိုင်ငံမဟုတ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ASEAN, BIMSTEC နှင့် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့နှင့် တက်ကြွစွာ ပူးပေါင်းပါဝင်လှုပ်ရှားလျက်ရှိကြောင်း၊ အထူးသဖြင့် တရုတ်၊ အိန္ဒိယ စသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ အဆင်ပြေပြေ ဆက်ဆံလျက် စီးပွားရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းလုပ်ကိုင်လျက်ရှိကြောင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တတိယနေ့တွင် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်း ပြန်လည်ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေး ပိတ်ပင်မှုကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်စေမည်မဟုတ်ကြောင်းနှင့် နိုင်ငံတော်အစိုးရသည် ပြည်တွင်းပြည်ပ အနှောင့်အယှက်များရှိနေသည့်ကြားက အမျိုးသားရေး စိတ်ဓာတ်နှင့် ခိုင်မာသည့် ပြည်သူ့အင်အားအပေါ် အခြေခံပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကာ တစ်မျိုးသားလုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်ပေါင်းစုံမှ ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

## အစွမ်းကုန်ကြိုးပမ်း

ယနေ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် ခေတ်သစ်၏စိန်ခေါ်မှုများလည်းရှိနေပါကြောင်း၊ IT နည်းပညာတိုးတက်လာမှုကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး၊ စီးပွားရေး၊ သတင်းများရရှိရေးအတွက် အင်တာနက်များကို အခြားနိုင်ငံများနည်းတူ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက် သွားကြမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ မကျန်ရစ်ရအောင် အိမ်နီးချင်းနိုင်ငံများ နည်းတူ အစွမ်းကုန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများကို ရင်ဆိုင် ကျော်လွှားနိုင်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေး ပြုလုပ်လျက်ရှိရာ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ဒေသအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်းကို တွေ့ရှိရပါကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ် စွမ်းအားစုများ မြင့်မားတိုးတက်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေးဟာ အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံမှာ တောင်သူလယ်သမားနှင့် အလုပ်သမားအင်အားစုများသည် အခြေခံအကျဆုံး ကုန်ထုတ်စွမ်းအားစုများ ဖြစ်ကြကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများနှင့် အလုပ်သမားများကို တစ်စုတစ်စည်းတည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းနဲ့ အလုပ်သမားကိုယ်စားပြု အဖွဲ့အစည်းများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်းကို အကြံပြုတင်ပြလိုပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဗဟိုဌာနချုပ်အနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်နေသကဲ့သို့ အောက်ခြေအသင်း အဆင့်ဆင့်ကလည်း ပူးပေါင်း ပါဝင် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ဒေသစီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် အသင်းပိုင်စိုက်ပျိုးမွေးမြူရေးခြံများ ထူထောင်ခြင်း၊ သီးနှံအထွက်တိုးနှုန်း တိုးတက်ရေးပံ့ပိုးဆောင်ရွက်ခြင်း၊ ဆည်မြောင်းတာတမံများအတွက် ရေအရင်းအမြစ်များ စီမံခန့်ခွဲပေးခြင်းနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရန် လမ်းတံတားများ ဖောက်လုပ်ပြုပြင်ခြင်း စသည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ အသင်းများအနေဖြင့် စီးပွားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင်နှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးပညာပေး သင်တန်းများကို ဗဟိုမှဦးစီး၍ ဖွင့်လှစ်သင်ကြားပေးသင့်ပါကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တတိယနေ့တွင် စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေး ကဏ္ဍ နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်း ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

## အကြံပြုတင်ပြ

စီးပွားရေး ဖွံ့ဖြိုး တိုးတက်ပြီး ခေတ်မီတဲ့နိုင်ငံတစ်ခု၏ အသက်သွေးကြောသည်အခွန်ဘဏ္ဍာပင်ဖြစ်ကြောင်း၊ ရရှိသည့် အခွန် ဘဏ္ဍာငွေများကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မတည်ရင်းနှီးဆောင်ရွက်ကြရကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိတို့လုပ်ကိုင်ရရှိလာသည့် ဝင်ငွေပေါ်မှ သတ်မှတ်ထားသော အခွန်ငွေကို ထမ်းဆောင်ရမည့် တာဝန်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အင်မတန်မှ နည်းပါးသည့် ရာခိုင်နှုန်းကိုသာ ကောက်ခံလျက်ရှိကြောင်းကို ပြည်သူလူထုအတွင်း အမှန်အတိုင်း သိရှိစေရန် စာပေ၊ ဂီတ၊ မီဒီယာများဖြင့် ဘက်ပေါင်းစုံမှ အသိပေးသင့်ကြောင်းဖြင့် အကြံပြုတင်ပြအပ်ပါ ကြောင်း၊ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပေါ် သြဇာလွှမ်းမိုး ခြယ်လှယ်လိုသည့် အနောက်နိုင်ငံကြီးအချို့က သူတို့၏ မီဒီယာများမှတစ်ဆင့် မြန်မာနိုင်ငံတွင် စီးပွားရေးကျပ်တည်း ကျဆင်းပြီး ပြည်သူအများဒုက္ခရောက်အောင် သွေးခွဲသပ်လျှိုမှုများ၊ မဟုတ်မမှန်သည့် အဆိုးမြင်အတွေးအခေါ်များ၊ ကောလာဟလသတင်းမှားများကို ထုတ်လွှင့်လျက်ရှိကြောင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တတိယနေ့တွင် ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍနှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ပဲခူးတိုင်း (အနောက်) နတ်တလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင့်လွင် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

## လက်တွဲပူးပေါင်းဖြေရှင်း

ကမ္ဘာတွင် မည်သည့် နိုင်ငံမဆို ပြဿနာနှင့် ကင်းလွတ်သည့်နိုင်ငံရယ်ဟုမရှိပါကြောင်း၊ ပြဿနာ၏ အတိုင်းအတာ၊ နက်နဲမှု၊ ပြဿနာဖြစ်ပေါ်ရခြင်းအကြောင်းရင်းများသာ ကွာခြားကြောင်း၊ ကုန်ဈေးနှုန်း မတည်ငြိမ်ခြင်း၊ ငွေကြေးဖောင်းပွခြင်း စသည့် ပြဿနာများသည် ကမ္ဘာနှင့် အဝန်းကြုံတွေ့တတ်သည့် ပြဿနာများသာဖြစ်ကြောင်း၊ ထိုပြဿနာများကို ကိုယ့်အစိုးရနှင့် ကိုယ့်ပြည်သူ လက်တွဲပူးပေါင်း ဖြေရှင်း၍ ရနိုင်ကြောင်း၊ ထို့ကြောင့် ပြည်ပအနှောင့်အယှက်များရှိနေသည့်ကြားမှ အမျိုးသားရေးစိတ်ဓာတ်၊ ခိုင်မာသော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များနှင့် ပြည်တွင်းအင်အား အပေါ်အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ စီးပွားရေးပိုင်းတွင် အောင်မြင်မှုများ ရရှိလျက်ရှိကြောင်းမှာ အထင်အရှားပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယခုလောက် တိုးတက်ဖွံ့ဖြိုးမှု ရရုံနှင့် ကျေနပ်ရောင့်ရဲ မနေပါကြောင်း၊ တစ်နေ့ထက် တစ်နေ့ ဆက်လက်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ အသင်းဝင်များအားလုံးကလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး စီးပွားရေးအဆင့်အတန်းမြင့်မားသည် ထက်မြင့်မားလာစေရန် အဓိကကျ သည့် စိုက်ပျိုးရေး၊ လျှပ်စစ်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့်မားစွာ ဆက်လက်အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက် ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များ ပီပြင်အောင်မြင်အောင် ကျရာအခန်းကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် “ဒို့တာဝန် အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ” နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းအောင်ကျော်က ဆွေးနွေးတင်ပြရာတွင်

- **ပြည်ထောင်စုမပြိုကွဲရေး**
- **တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး**
- **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

ဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် မည်သူမှမငြင်းနိုင်သည့် ဝိဝါဒမကွဲပြားတဲ့ အမျိုးသားရေးမူဝါဒ ဖြစ်ပါတယ်။ နိုင်ငံသားများ အားလုံး၏ ဘဝနှင့်ဆန္ဒအမှန်ဖြစ်၍ နိုင်ငံသားတိုင်းက ထာဝစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေး လက်ဆင့်ကမ်းတာဝန်ပင်ဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် ပြည်ထောင်စုကြီးပြိုကွဲမည်၊ လွတ်လပ်ရေး ဆုံးရှုံးမည်၊ နိုင်ငံ၏ အချုပ်အခြာအာဏာပါ လက်လွတ်ဆုံးရှုံးသွားနိုင်ကြောင်း၊ ထိုကဲ့သို့ အဖြစ်မျိုးကို လုံးဝ လက်မခံနိုင်ကြောင်း၊ ပြည်ထောင်စုကြီး၏ မည်သည့် အစိတ်အပိုင်း၊ မည်သည့်နေရာကိုမျှ ပွန်းသွားခြင်း၊ ပဲ့သွားခြင်းကို မိမိတို့ လက်မခံနိုင်ကြောင်း။

မိမိတို့ပိုင်ဆိုင်သည့် မြေစာတစ်မှုန့်၊ ပန်းဖတ်တစ်လွှာ၊ ရေမှုန်တစ်စက်ကိုမျှ အဆုံးရှုံးမခံနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မျိုးဆက်သစ် လူငယ်များက ပြည်ထောင်စုကြီး၏ မြေပြင်၊ ဝေဟင်၊ ရေပြင် ပိုင်နက်အားလုံးကို အသက်ပေး ပြီး ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ကြောင်း။

## အခြေပြုထား

မိမိတို့၏ ပြည်ထောင်စုအတွင်း၌ နေထိုင်ကြသည့် တိုင်းရင်းသား အားလုံးသည် အသီးတစ်ရာ အညှာတစ်ခု ဆိုသကဲ့သို့ နေထိုင်ရာဒေသ အလိုက် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း ဘာသာစကားများ ရှိကြသော်လည်း အနှစ်သာရ အနေဖြင့် ပြည်ထောင်စု သွေး၊ ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုထားခြင်းကြောင့် အညှာတစ်ခုတည်းက ပေါက်ဖွားသီးပွင့်လာကြသည့် တစ်သွေးတည်း၊ တစ်သားတည်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများသာ ဖြစ်ကြကြောင်း။

နိုင်ငံ၏ကောင်းကျိုးဆိုးပြစ် တိုးတက်၊ဆုတ်ယုတ်မှုများသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အပေါ်တွင် အခြေတည်ကြောင်း၊ အတိတ်သမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားကောင်းသည့် ခေတ်ကာလများတွင် နိုင်ငံတော်၏ အင်အားသည် တောင့်တင်းခိုင်မာပြီး ထည်ဝါထင်ရှား ဂုဏ်ရှိန်မြင့်မားခဲ့ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းလာသည့် ကာလများတွင် နိုင်ငံ၏ အင်အား လျော့နည်းလာပြီး နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေး အခြေအနေအရပ်ရပ် နိမ့်ကျခဲ့ရသည်ကို တွေ့နိုင်ကြောင်း။

မိမိတို့နိုင်ငံသည် တစ်နိုင်ငံလုံး တိုင်းသူပြည်သားများ ဒုက္ခပင်လယ်ဝေခဲ့ရသည့် သမိုင်းသင်ခန်းစာကို ခါးသီးစွာ ခံစားခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့နိုင်ငံတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် နိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ်သည့် လိုအပ်ချက်ဖြစ်ကြောင်း။

## တိုးတက်ဖွင့်လှစ်ပေး

နိုင်ငံတော်က တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလေးထားပြီး ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် လမ်းများ ဖောက်ပေးနေကြောင်း၊ တံတားများ ဆောက်ပေးနေကြောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ တိုးမြှင့်တည်ဆောက်ပေးပြီး ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနေကြောင်း၊ ပညာရေးတွင် တိုင်းရင်းသားလူငယ်များ ကိုယ့်ဒေသအတွင်း၌ လွယ်လင့်တကူပညာသင်ကြားနိုင်အောင် အခြေခံပညာကျောင်းများ၊ ဒီဂရီ ကောလိပ်များ၊ အဆင့်မြင့်တက္ကသိုလ်များ တိုးတက်ဖွင့်လှစ်ပေးနေကြောင်း။

ထိုကဲ့သို့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို အပြောမဟုတ် လက်တွေ့ကျကျ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အဆင့် တာဝန်ရှိသူများကိုယ်တိုင် နိုင်ငံအစွန်အဖျား တစ်နံတစ်လျားမကျန် ကိုယ်တိုင်သွားရောက်ပြီး ဘယ်ခေတ်ကနှင့်မျှမတူ ဖြည့်ဆည်းပေးနေခြင်းများသည် နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများပေါ်ထားရှိသည့် မေတ္တာတရားကို ဖော်ညွှန်းပြသနေ ခြင်းပင်ဖြစ်ကြောင်း၊ သို့သော်လည်း ပွဲလန့်ဖျာခင်းချင်သူများ၊ ပြည်ပ သြဇာခံရုပ်သေးရုပ် ကြိုးဆွဲချင်သည့် သူများအနေဖြင့် ကိုယ့်တိုင်းပြည်ကို ကာကွယ်ရကောင်းမှန်းမသိ၊ ကိုယ့်လူမျိုးကို စောင့်ရှောက်ရကောင်းမှန်းမသိ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုပြီး အဖျက်လုပ်ရပ်များနှင့် အာဏာကို ဖြတ်လမ်းကရယူရန်အတွက် ပြည်တွင်းညီညွတ်မှုပြိုကွဲအောင် တစိုက်မတ်မတ် ဦးတည် လုပ်ဆောင်နေကြကြောင်း၊ ထို့ကြောင့် ယနေ့နိုင်ငံတော်တွင် တည်ဆောက်ရရှိပြီး ဖြစ်နေသည့် ဒို့တာဝန်အရေးသုံးပါးကို ပြိုကွဲအောင်ဖြိုခွဲဖျက်ဆီးမည့် အမျိုးသား သစ္စာဖောက်ပုဆိန်ရိုးများ၊ အဖျက်သမားများ၏ အကျင့်ဆိုး၊ အကျင့်ယုတ်များကို မိမိတို့ တာဝန်သိသည့်၊ သစ္စာရှိသည့်၊ စည်းလုံးညီညွတ်နေကြသည့်လူငယ်များက သိရှိနေကြပါပြီဖြစ်ကြောင်း၊ ထိုလုပ်ရပ်

စာမျက်နှာ ၁၂ ကော်လံ ၁

13-11 (06) 1 11/13/06, 2:52 PM



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

● ကျောဖုံးမှ

နန်းရှေ့မင်္ဂလာစည်တော် အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## နမောတဿ သုံးကြိမ်ရွတ်ဆို

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် မင်္ဂလာငွေခရာနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်ကြသည်။

## ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။





# လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ဥပါသကာများက ဥပ္ပါတသန္တိစေတီတော်နှင့် သာသနိကအဆောက်အအုံ(၇)ဌာနတို့၏ ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်နှင့် ရွှေတူးရွှင်းတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော်ကြီးများက သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကိုယူဆောင်၍ စေတီတော်ဝတ္ထုကံတွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်ကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မင်္ဂလာငွေခရာနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။

## သီကျူးပူဇော်

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အလှပန်းစိုက်ငွေဖလားကိုင်၊ သာသနာ့အလံကိုင်ဥပါသကာများက ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့်အတူ ရတနာပန္နက်တော်များ၊ ရွှေလက်ရိုက်တော်များ၊ ရွှေတူးရွှင်းတော်များနှင့် ပရိတ်နံ့သာဖလားများကိုပင့်ဆောင်ပြီး စေတီတော် ဝတ္ထုကံအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကာ ပန္နက်တော်ဌာနများသို့ ပင့်ဆောင်ပေးကြသည်။ ထိုအချိန်တွင် နန်းရှေ့မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်းပေးပြီး နိုင်ငံကျော်အဆိုတော်ဦးထွန်းရွှေက မင်္ဂလာစည်တော်သံများကို သီကျူးပူဇော်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သတ်မှတ်ထားသည့် ပန္နက်တော်ဌာနများ၌ နေရာယူကြသည်။

## ပက်ဖျန်းပူဇော်

ယင်းနောက် အခမ်းအနားမှူး ဦးသူရက 'မင်္ဂလာအခါတော်'ဟု ကြွေးကြော်လိုက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အရှေ့မြောက်ထောင့် တနင်္ဂနွေအရပ်ရှိ ရတနာပန္နက်တော်ကို စတင်၍ ကိုးချက်တင်လှူ ပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အရှေ့အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက အရှေ့တောင်ထောင့်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

စာမျက်နှာ ၈ ကော်လံ ၁



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



# ဗဟိုပန္နက်တော် တင်လှူ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗဟိုပန္နက်တော်ကို တင်လှူပူဇော်စဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၇ မှ*

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အနောက်တောင်ထောင့်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အနောက်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များပက်ဖျန်းပူဇော်သည်။

## ပရိတ်နံ့သာရည်များပက်ဖျန်းပူဇော်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အနောက်မြောက်ထောင့် အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြောက်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗဟိုပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ယင်းနောက် ဆရာတော်ကြီးများက 'ဘဝတု သဗ္ဗမင်္ဂလံ' သုံးဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်တော်မူကြပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ်ပူဇော်သည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနောက်အရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အရှေ့တောင်ထောင့် အရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်အရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။** (သတင်းစဉ်)



## စာတမ်းဖတ်ကြား

ယင်းနောက် အခမ်းအနားအစီအစဉ်တတိယပိုင်း တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ နေရာယူကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက မင်္ဂလာအခါတော်ကြား စာတမ်းကို ဖတ်ကြားသည်။

ထို့နောက်မင်္ဂလာအချိန် နံနက် ၉ နာရီ ၃၆ မိနစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အရှေ့တောင်ထောင့်အရပ်၌လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းကတောင်အရပ်၌ လည်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အရှေ့မြောက်ထောင့် တနင်္ဂနွေအရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။** (သတင်းစဉ်)





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အနောက်တောင်ထောင့်အရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။** (သတင်းစဉ်)

13-11 (08) 2 11/13/06, 2:52 PM

## သိမ်တော်အတွက် ပန္နက်တော်တင်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သိမ်တော်အတွက် ပန္နက်တော် တင်ပေးစဉ်။

(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း အနောက်မြောက်ထောင့် အရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အရှေ့အရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

ကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အရှေ့အရပ်၌လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အနောက်တောင်ထောင့်အရပ်၌လည်းကောင်း ရတနာပန္နက်တော်များကို ရွှေတူရွှင်းလက်များဖြင့် တစ်ပြိုင်တည်း တွင်းတော်ဝန်းပေးကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

### တီးမှုတ်ပူဇော်

ဆက်လက်၍ ဆရာတော်ကြီးများက ဘဝတုသဗ္ဗမင်္ဂလံသုံးဂါထာကို ရွတ်ဆိုပူဇော်တော်မူကြပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်းကိုးကြိမ် တီးမှုတ်ပူဇော်ကြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြောက်အရပ်ရှိ ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

ထို့နောက် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက နဂါးစာကျွေးပြီး အခမ်းအနားမှူးက နဂါးစာကျွေးစာတမ်းကိုဖတ်ကြားသည်။

### ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် ဆရာတော်များက **'ဇယန္တော ဗောဓိယာမူလေ'** အစရှိသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားအောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများရွာသွန်းဖြိုးကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်အရပ်ရှိ ဝတ္ထုကံ၌ သာသနိကအဆောက်အအုံ(၇)ဌာနတို့အတွက် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မင်္ဂလာအစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သိမ်တော်တည်ဆောက်မည့်နေရာ၌ နေရာယူကြသည်။

# (၈၆) နှစ်မြောက် အမျိုးသားနေ့

၁၃၆၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄–၁၁–၂၀၀၆)

## (၈၆)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

☆ ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေး။
☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။
☆ အမျိုးသားပညာရည်မြင့်မားရေး။
☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

### ပန္နက်တော်တင်

ထို့နောက် အခမ်းအနားမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီး ဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က **'မင်္ဂလာအခါတော်'**ဟု ကြွေးကြော်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သိမ်တော်အတွက် ပန္နက်တော်တင်ပေးကြသည်။

ဆက်လက်၍ ဘုန်းတော်ကြီးကျောင်းတော်အတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အလှူရှင် ဦးစိုးမြင့်(ငွေဆင်ကုမ္ပဏီ)၊ သံဃာရာမ အဆောင်(၁)အတွက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အလှူရှင် ဦးတင့်ဆန်း(အေစီအီးကုမ္ပဏီ)၊ သံဃာရာမအဆောင်(၂)အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် အလှူရှင် ဦးအောင်ကိုဝင်း(ကမ္ဘောဇဘဏ်)၊ သံဃာရာမ အဆောင်(၃)အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အလှူရှင် ဦးထွန်းမြင့်နိုင်(အေးရှားဝေါလ်ကုမ္ပဏီ)၊ သံဃာရာမ အဆောင်(၄)အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် အလှူရှင် ဦးချစ်ခိုင်(ဒေင်ကုမ္ပဏီ)၊ သာသနာဗိမာန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အလှူရှင် ဦးတေဇ(ထူးထရေးဒင်းကုမ္ပဏီ)တို့က ပန္နက်တော်တင်ပေးကြသည်။ ထို့နောက် သာသနိကအဆောက်အအုံ ပန္နက်တော်နေရာများ၌ တစ်ပြိုင်တည်း တွင်းတော်ဝန်းပေးကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထိုအချိန်တွင်ဆရာတော်ကြီးများက ဘဝတု သဗ္ဗမင်္ဂလံ သုံးဂါထာကို ရွတ်ဆိုပူဇော်တော်မူကြသည်။

### အောင်ဂါထာများ ရွတ်ဆိုပူဇော်

ဆက်လက်၍ နဂါးစာကျွေးပြီး သံဃာတော်များ ဦးဆောင်၍ 'ဇယန္တော ဗောဓိယာမူလေ' အစရှိသော ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆိုပူဇော် တော်မူကြသည်။

ယင်းနောက် မဟာဗောဓိပင်စိုက်ပျိုးပူဇော်ပွဲကို ဥပ္ပါတ သန္တိစေတီတော်၏ အရှေ့မြောက်ထောင့်အရပ် သတ်မှတ်နေရာ၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိပင်စိုက်ပျိုးမည့်နေရာကို ကျောက်မျက်ရတနာများနှင့် ရွှေငွေများ ထည့်သွင်းပူဇော်ကြသည်။ ဆက်လက်၍ အခမ်းအနားမှူး သာသနာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးထွန်းရွှေက **'မဟာဗောဓိရုက္ခ ရောပန ပူဇာဂါထာ'**ကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိပင်အားစိုက်ပျိုးပူဇော်ပေးကြပြီး မြေဆီ မြေသြဇာများနှင့် ရေစင် ရေသန့်၊ ပရိတ်နံ့သာရည်များဖြင့် သွန်းလောင်းပက်ဖျန်းပူဇော်ကြသည်။

### သွန်းလောင်းပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များက မဟာဗောဓိပင်အား မြေဆီ၊မြေသြဇာများနှင့် ရေစင်ရေသန့်၊ ပရိတ်နံ့သာရည်များဖြင့် သွန်းလောင်းပက်ဖျန်းပူဇော်ကြသည်။

ထိုသို့ မြေဆီမြေသြဇာ ရေစင်ရေသန့်၊ ပရိတ်နံ့သာရည်များဖြင့်သွန်းလောင်း ပက်ဖျန်းပူဇော်နေချိန်တွင် ဆရာတော် သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အစရှိသော ဇယမင်္ဂလာအောင်ဂါထာတော်များကို သုံးကြိမ်ရွတ်ဆိုပူဇော်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင် များသည် ဗုဒ္ဓံသရဏံဂစ္ဆာမိ အစရှိသော အရိယာ သာဝတ္ထိဂါထာတော်ကို ရွတ်ဆိုပူဇော်၍ မဟာဗောဓိပင်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

### ပြန်လည်ပို့ဆောင်

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းကို ဖတ်ကြားပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ထို့နောက် **'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'** သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မင်္ဂလာမဏ္ဍပ်၌ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

(၈၆)နှစ်မြောက် အမျိုးသားနေ့ဂုဏ်ပြုဆောင်းပါး

# အမျိုးသားရေးမို့ ကြိုးပမ်းကြပါစို့

၁၉၂၀ပြည့်နှစ် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေဖြစ်သော နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ကျွန်စော်တထောင်းထောင်းနံလှသည့်ဥပဒေကို တစ်မျိုးသားလုံး၏ ညီညွတ်မှုအားမာန်၊ အမျိုးသားရေးစိတ်ဓာတ် စွမ်းပကားကြောင့် အောင်ပွဲခံနိုင်ခဲ့သည်ကို မြန်မာ့သမိုင်း၌ ကမ္ပည်းတင်ခဲ့ပြီးဖြစ်သည်။

မြန်မာတို့တွင် ရှေးကလည်း အမျိုးသားရေးအားမာန်အပြည့်ဖြင့် ပြည်ပမှ ကျူးကျော်လာသူများကို တိုင်းရင်းသားချင်း သွေးစည်းကာ တွန်းလှန်ဖြိုဖျက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများရှိခဲ့သည်။ ကမ္ဘာ့အနောက်ခြမ်းမှ အရင်းရှင်စနစ်သည် နယ်ချဲ့အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီးနောက် ၎င်းတို့ အရင်းရှင်စက်မှုလုပ်ငန်းများ တိုးတက်ပြီး ပိုမိုကြွယ်ဝချမ်းသာလာစေရန်၊ တရားသဖြင့် ရောင်းဝယ်သော သမ္မာအာဇီဝစနစ်မသုံးဘဲ သူတစ်ပါးနိုင်ငံမြေမှ သယံဇာတများကို လုယက်ဝါးမျိုရန် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသည့် အဝိဇ္ဇာအမှောင်ဖုံးကာ နယ်ချဲ့ကျူးကျော်လာခဲ့ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် ဥရောပနယ်ချဲ့အင်္ဂလိပ်တို့နှင့် ရင်ဆိုင်ခဲ့ရသည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄)၊ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၅၂)၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၈၅) သုံးကြိမ်စလုံးတွင် တောင်ပေါ်၊ မြေပြန့် နိုင်ငံအနှံ့မှ တိုင်းရင်းသားစုံမျိုးချစ်များက သူ့ကျွန်မခံစိတ်ဖြင့် တွန်းလှန်ခဲ့သည့် သမိုင်းသည်လည်း ထွန်းပြောင်လှပေသည်။ တိုင်းခြားသား နယ်ချဲ့သမားများ လက်နက်ကိုင်ဆောင်ကာ မိမိတို့ဒေသသို့ ကျူးဝင်လာသည်နှင့် မည်သူကမျှ မစည်းရုံး၊ မတိုက်တွန်း၊ မဆော်သြ၊ အချက်မပေးရဘဲ ရရာလက်နက်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ နယ်ချဲ့တို့ ဒူးတုန်လောက်သည့် မြန်မာ့သတ္တိ၊ အမျိုးသားရေးအားမာန်ကို သမိုင်းတင်နိုင်ခဲ့သည်။ ထိုစဉ်က တိုင်းရင်းသားစုံ မျိုးချစ်တို့၏ ရင်တွင်းဖြစ် မျိုးချစ်စိတ်၊ ဘဝပေးအသိဖြင့် ပေါ်ထွက်လာသော နယ်ချဲ့ဆန့်ကျင်စိတ်၊ အသက်ကိုပဓာနမထားဘဲ နယ်ချဲ့ကို ခုခံတိုက်ခဲ့သော အမျိုးသားရေးအားမာန်တို့ကို အင်္ဂလိပ်တို့ ကိုယ်တိုင်ရေးသားဂုဏ်တင်ခဲ့ကြသည်။ ရွှေတိဂုံစေတီတော်မြောက်ဘက်မှ ရေကန်သည်ကား မြန်မာမျိုးချစ်တို့၏ ဓားများ၏ ဓားသွားပေါ် စွန်းထင်းပေကျံနေသည့် နယ်ချဲ့တို့၏သွေးကို ဆေးကြောခဲ့သည့် သွေးဆေးကန်ဖြစ်ပေသည်။

၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ(ခေါ်)ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗုဒ္ဓဘာသာလူငယ်များအသင်း) တည်ထောင်ကာ အမျိုး၊ ဘာသာ၊ သာသနာအကျိုး စုပေါင်းသယ်ပိုးကြသည်။ ရွှေတိဂုံစေတီတော်ပေါ်သို့ ဖိနပ်စီးတက်သည့် မျက်နှာဖြူများ ဖိနပ်ချွတ် တက်အောင် တိုက်ပွဲဝင်ခဲ့သည်။ ဝိုင်အမ်ဘီအေ၏ ကြွေးကြော်သံများမှာ-

- * အမျိုးကို ချစ်ပါ၊
- * ဘာသာကို လေးစားပါ၊
- * သာသနာကို ချီးမြှင့်ပါ၊
- * ပညာရေးကို အားပေးပါ ဟူ၍ဖြစ်သည်။

တစ်နိုင်ငံလုံးမှ ဂျီစီဘီအေအသင်းများကို စုစည်းကာ (အခြားလူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များလည်း ပါဝင်သည်) ဂျီစီဘီအေ (ခေါ်)မြန်မာအသင်းများကောင်စီ(ခေါ်) မြန်မာအသင်းချုပ်ကြီး(ခေါ်) ဝံသာနုအသင်းကြီးကို ၁၉၂၀ပြည့်နှစ် စက်တင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ဂျီစီဘီအေတွင် ဗုဒ္ဓသာသနာတော်ကို ညှိုးနွမ်းအောင် စော်ကားမော်ကားပြုလုပ်နေသည့် နယ်ချဲ့အင်္ဂလိပ်အစိုးရအား ဆန့်ကျင်မှုများပါဝင်လာခဲ့သည်။ အမျိုးဘာသာ သာသနာအတွက် ကြိုးပမ်းခဲ့ကြသည်။

ရေနံမြေအလုပ်သမားအရေးတော်ပုံ၊ ၁၃၀၀ပြည့် တောင်သူလယ်သမားအရေးတော်ပုံတို့သည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများသာဖြစ်သည်။ ယင်းအရေးတော်ပုံများကို တို့ဗမာအစည်းအရုံးက ဦးဆောင်အားပေးခဲ့သည်။ တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံကား-

- * **မြန်မာပြည်သည် ဒို့ပြည်၊**
- * **မြန်မာစာသည် ဒို့စာ၊**
- * **မြန်မာစကားသည် ဒို့စကား၊**
- * **မြန်မာပြည်ကို ချစ်ပါ၊**
- * **မြန်မာစာကို ချီးမြှင့်ပါ၊**
- * **မြန်မာစကားကို လေးစားပါ** ဟူ၍ဖြစ်သည်။

ဤသို့ဖြင့် တစ်မျိုးသားလုံး လုံးဝ လွတ်လပ်ရေးကို ရှေးရှုကြိုးပမ်းခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်သည့် လွတ်လပ်ရေးစိတ်ဓာတ် တံခွန်ထူပေးခဲ့သည့် ရဲဘော်သုံးကျိပ်၊ ဖက်ဆစ်တော်လှန်ရေးလုံးဝလွတ်လပ်ရေးကြိုးပမ်းမှုအဆင့်အဆင့်ကို ဆင်နွှဲခဲ့သည်။

မြန်မာတို့၏ လွတ်လပ်ရေးစိတ်ဓာတ်သည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်နှင့်ဆက်စပ်ယှက်နွယ်လျက်ရှိခဲ့သည်။ မြန်မာတို့သည် ကျွန်များမဟုတ် သခင်များဖြစ်သည်ဟု ကြွေးကြော်ခဲ့ကြသည်။ ၁၈၈၅ ခုနှစ် လွတ်လပ်ရေးဆုံးရှုံးသည်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးပြန်ရသည်အထိ မြန်မာတို့ခံယူခဲ့သော နိုင်ငံရေးမှာ အမျိုးသားနိုင်ငံရေးဖြစ်သည်။ လွတ်လပ်ရေးစိတ်ဓာတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့ လွှမ်းခြုံထားကြသည့် တိုင်းရင်းသားပြည်သူများ(ဝါ) အမျိုးသားရေးအင်အားစုကြီး၏ အမျိုးသားနိုင်ငံရေးစွမ်းပကားကြောင့်ပင် မြန်မာတို့ လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကလေးမှာပင် မြန်မာပြည်အတွင်း ပြည်ပမှ နိုင်ငံရေး အယူအဆဝါဒများ ဝင်ရောက်လာခဲ့ရာ သန်ရာ သန်ရာ ကြိုက်ရာ ကြိုက်ရာ နိုင်ငံရေးဝါဒများ ခံယူလာခဲ့ကြသည်။ ဝင်ရောက်လာသည့် နိုင်ငံရေးဝါဒ (ISM)ကလည်း တစ်ခုတည်းမဟုတ်၊ တစ်မျိုးတည်းမဟုတ်၊ ကွန်မြူနစ်အမျိုးမျိုး၊ ဆိုရှယ်လစ်အထွေထွေ၊ ဒီမိုကရေစီအဖုံဖုံ၊ လစ်ဘရယ်စုံ၊ ကွန်ဆာဗေးတစ်စုံဖြင့် ထွေပြားလာခဲ့သည်။ ကိုယ့်ဝါဒ၊ ကိုယ့်ခေါင်းဆောင်၊ ကိုယ့်ပါတီမှ မှန်သည်ဟု အားလုံးက မလျှော့တမ်းစွဲပိုက်ရာမှ ဝါဒ၊ ဂိုဏ်းဂဏ၊ အုပ်စုချင်း တိုက်လာကြသည်။ တိုက်သမှ လက်နက်ကိုင်တိုက်သဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလ အမျိုးသားရေး လမ်းကြောင်း မှေးမှိန်၊ အမျိုးသားစည်းလုံးညီညွတ်ရေး ပြိုကျသွားခဲ့ရသည်။

သို့ရာတွင် အမျိုးသားနိုင်ငံရေးကို မျက်ခြည်ပြတ်မခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သော အမျိုးသားရေးအင်အားစုများက ပင်လုံမြေတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာကြိုးပမ်းတည်ဆောက်နိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ကြသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလ အမျိုးသားရေးသမိုင်းသည် လှပထည်ဝါခဲ့ညားသလောက် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပါတီ၊ ဂိုဏ်းဂဏ၊ ဝါဒ၊ ပုဂ္ဂိုလ်စွဲများဖြင့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီးဖြစ်ပွားခဲ့ရသော မြေအောက်သောင်းကျန်းမှု၊ မြေပေါ်ဆူပူမှုဖြစ်စဉ်များက အရုပ်ဆိုးခဲ့သည်။ မြန်မာချင်း အမြင်မတူလျှင် မြန်မာ့စိတ်ရင်းဖြင့် ညှိယူနိုင်သည်။ ပြင်ပလေစိမ်းတိုက်လာလျှင် တိုင်းတစ်ပါးမှ နယ်ချဲ့လက်သစ်များ၏ ပယောဂကွန်ရက်တွင်း ကျရောက်သွားလျှင် အမျိုးသားရေးအမြင် လုံးဝ ကန်းသွားတော့သည်။

## တက္ကသိုလ်မြတ်သူ

အမျိုးသားရေးသစ္စာတရားဟူသည် မိမိတို့အမျိုးသား(လူမျိုး)၏ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆန္ဒသဘောထားတို့ကို အမှန်တရားဟု ခံယူခြင်းပင်ဖြစ်သည်။ ယင်းသစ္စာ၊ ယင်းအမှန်တရားကို စောင့်သိခြင်းသည် အမျိုးသားသစ္စာခံယူစောင့်သိခြင်း ဖြစ်သည်။ ယင်းသစ္စာတရားကို ဆန့်ကျင်၊ သွေဖည်လျှင်၊ ဖောက်လွဲဖောက်ပြန်လုပ်လျှင် အမျိုးသားရေးသစ္စာဖောက် ဖြစ်သွားပေသည်။

ပါတီစုံ၊ ဝါဒစုံ၊ အယူဝါဒစုံ၊ ပယောဂစုံ၊ လူအမျိုးအစားစုံခေတ်တွင် သဘောထားမတူ ကွဲပြားလေ့ရှိသည်။ မိမိတို့စွဲကိုင်ထားသော အယူဝါဒ၊ ပယောဂက အဓိကလား၊ ပြည်သူတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွားက အဓိကလား ခွဲခြားကျင့်သုံးနိုင်ရပေမည်။ မိမိတို့ပါတီ၊ ဝါဒ၊ ပုဂ္ဂိုလ်က အဓိက၊ ပြည်သူ့အကျိုးစီးပွားက သာမညဟု ယူဆလျှင် အမျိုးသားသစ္စာဖောက်ဘဝသို့ အလိုအလျောက် ရောက်ရှိသွားပေမည်ဖြစ်သည်။ မိမိယုံကြည်ချက်၊ မူဝါဒလမ်းစဉ်က ကောင်းလွန်း၊ မှန်လွန်းသည်ဟု ယုံကြည်လျှင် ပြည်သူက အလားတူ ယုံကြည်အောင် ရှင်းပြစည်းရုံးရုံသာရှိသည်။ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်ခြင်း၊ ပြည်ပသို့ထွက်ပြေးကာ ကိုလိုနီနယ်ချဲ့စနစ်ကို လျှာလည်ပြီး ပြန်လည်ခြယ်လှယ်စိုးမိုးသွေးစုပ်လိုသည့် ကိုလိုနီဝါဒီများ၏ ခြေတော်ရင်းခစားလျက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ဒုက္ခပေး၊ သစ္စာဖောက်ခြင်းပြုပြီဆိုလျှင် နိုင်ငံရေးအဝီစိတွင် ချိုးကပ်ရုံသာရှိပေတော့မည်။ ၎င်းတို့သည် အမျိုးသားအကျိုးစီးပွားပျက်ပြားအောင် ပြည်ပမှ မသမာသူများနှင့်ပေါင်းပြီး ပိတ်ဆို့နှောင့်ယှက်လာကြပြီး လေသံကောင်းလွှင့်ပြီးမှ ပြည်သူကို မိုင်းထောင်၊ ဗုံးခွဲ၊ တိုက်ခိုက်ကာ သတ်ဖြတ်၊ မီးရှို့ဖျက်ဆီးလာကြပြီ။ အမျိုးသားရေးပါရာဇိကံ ကျသွားကြပေပြီ။

မျိုးချစ်ဂီတစာဆိုကြီး ဝိုင်အမ်ဘီ သခင်တင်က တို့ဗမာအစည်းအရုံးအတွက် အမျိုးသားရေးသီချင်းတစ်ပုဒ် ရေးစပ်ပေးခဲ့သည်။ ယင်းသီချင်းကို မြန်မာတို့ရင်၌ စွဲ၊ ဦးနှောက်၌ မြဲကာ၊ လက်သီးလက်မောင်းတန်းပြီး သီဆိုခဲ့ကြသည်။ သံပြိုင်ဟစ်ကြွေးခဲ့ကြရာ ထိုသီချင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ အားဆေးကြီးဖြစ်ခဲ့သည်။

**"သြော်…အမျိုးသားရေးမို့ ကြိုးပမ်းကြပါ…အရှေ့ကနေဝန်းထွက်သည့်ပမာပ… ဒို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ"**

ဝိုင်အမ်ဘီ ဆရာတင်က လွတ်လပ်ရေးရအောင် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းကြရန်၊ ဤသို့သော မဆုတ်မနစ်ကြိုးပမ်းကြလျှင် နေဟူသည်မှာ အရှေ့ကပေါ်ထွက်မြဲဖြစ်သည့် သဘာဝအတိုင်း မြန်မာတို့၏လွတ်လပ်သော ခေတ်ကာလ မုချရောက်မည်မှာ မလွဲ၊ ထို့ကြောင့် မြန်မာတိုင်း မြန်မာနိုင်ငံကို အမိနိုင်ငံတော်ဟု စွဲပိုက်ထားကြပြီး မိမိနိုင်ငံကို မိမိတို့ ပြန်လည်ပိုင်ဆိုင်အောင် သန္နိဋ္ဌာန်ချ ကြိုးပမ်းကြရန် တိုက်တွန်းခဲ့သည်။ ထို့နောက် ကမ္ဘာမကြေ သံပြိုင်ပိုဒ်တွင်လည်း ကိုယ့်မြေကိုယ့်ရွာကို မြတ်နိုးတန်ဖိုးထားရန် တိုက်တွန်းခဲ့သည်။

ထိုသီချင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်၍ စာသားများမှာလည်း လွတ်လပ်ရေးကြိုးပမ်းကြရန် တိုက်တွန်းဆော်သြသည့် စာသားများဖြစ်ရပေသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသောအခါ တာဝန်ရှိသူများ၊ မျိုးချစ်ဂီတပညာရှင်များနှင့် တိုင်ပင်ကာ အမျိုးသားသီချင်းသစ်ကိုဖန်တီးခဲ့ကြသည်။ မြန်မာတို့ နားစွဲနေပြီးဖြစ်သည့် တို့ဗမာသီချင်းတေးသံစဉ်ကိုပင် ဆက်လက်အသုံးပြု၍ လွတ်လပ်ပြီး နိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် စာသားသွင်းယူခဲ့သည်။

**"သြော်…အမျိုးသားရေးမို့ ကြိုးပမ်းကြပါ…တို့ဗမာ တို့ဗမာ" ဟူသော တို့ဗမာသီချင်းစာပိုဒ်သည် ယခု "တရားမျှတခြင်းနဲ့မသွေ… ဒို့ပြည်…ဒို့မြေ…များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့…ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ…ဒို့ပြည်…ဒို့မြေ…ပြည်ထောင်စုအမွေ…အမြဲတည်တံ့စေ…အဓိဋ္ဌာန်ပြုပေ…ထိန်းသိမ်းစို့လေ"**ဟူ၍ ဖြစ်ပါသည်။ လွတ်လပ်လာပြီဖြစ်၍ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရား ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထွန်းကားလာပြီး ပြည်သူတို့ ထာဝရငြိမ်းချမ်းအောင်၊ မိဘ ဘိုးဘွားတို့ အမွေအဖြစ်ထားရစ်ခဲ့သော ပြည်ထောင်စုနိုင်ငံတော် အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေး၊ လွတ်လပ်ရေးကို အရယူနိုင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထာဝရတည်မြဲအောင် ကာကွယ်စောင့်ရှောက်သွားရန် တိုက်တွန်းဆော်သြထားသည်။ ကမ္ဘာမကြေ သံပြိုင်ပိုဒ်တွင်လည်း ဘိုးဘွားအမွေ ပြည်ထောင်စုကိုထိန်းသိမ်းစောင့်ရှောက်ပြီး အမျိုးသားအကျိုးစီးပွားတည်းဟူသော သမိုင်းပေးတာဝန်ကို မဖြစ်မနေထမ်းဆောင်သွားကြရန် ညွှန်ပြထားပေသည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမျိုးသားနိုင်ငံရေး ပြန်လည်ရှင်သန်လာကာ အမျိုးသားရေးအင်အားစုကြီးက ပြည်ထောင်စုတစ်ဝန်းလုံးငြိမ်းချမ်းတည်ငြိမ်စေခဲ့သည်။ ဘက်ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်။ ဤငြိမ်းချမ်းရေး၊ ဤဖွံ့ဖြိုးတိုးတက်မှုတို့ကို လွယ်လွယ်ရယူနိုင်သည်မဟုတ်၊ ပြည်တွင်းပြည်ပ အနှောင့်အယှက် အဖျက်ပေါင်းစုံကို ကျော်လွှားပြီး အမျိုးသားရေး ကိုယ်ခံကောင်းများဖြင့် စုပေါင်းရယူခဲ့ရခြင်းဖြစ်သည်။

**ယနေ့ မြန်မာနိုင်ငံကို ပိတ်ဆို့နှောင့်ယှက်မှု အများဆုံးလုပ်နေသည်မှာ အမေရိကန်ဖြစ်သည်။ မြန်မာပြည်ထောင်စုကြီးကို ဖြိုခွဲရန် အပေါင်းပါနိုင်ငံများနှင့် လက်တွဲပြီး သွေးခွဲ၊ သပ်လျှို လုပ်ဆောင်နေသည်မှာလည်း အမေရိကန်ပင်ဖြစ်သည်။ မြန်မာနိုင်ငံကို စိတ်တိုင်းကျခြယ်လှယ်သွေးစုပ်နိုင်ရန် ဒေသတွင်း၌ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ စိုးမိုးချုပ်ကိုင်ပြီး ကိုလိုနီပုံစံသစ် ချမှတ်လုပ်ဆောင်ရန်၊ သြဇာခံအမျိုးသားသစ္စာဖောက် ရုပ်သေးအစိုးရများတင်ပေးကာ နောက်ကွယ်မှ ကြိုးကိုင် ဗိုလ်ကျစိုးမိုးရန် ကုလသမဂ္ဂကိုပင် အသုံးချနေသည်မှာလည်း အမေရိကန်ပင် ဖြစ်သည်။**

**ဤသို့ အမျိုးသားအကျိုးစီးပွား ပျက်ပြားထိခိုက်အောင် အမျိုးသားသစ္စာဖောက်များနှင့် ကိုလိုနီလက်သစ်ဝါဒီတို့က အဖျက်လုပ်ရပ်များ လုပ်ဆောင်နေစဉ် အပြုသမားများဖြစ်သည့် အမျိုးသားရေးစိတ်ဓာတ် ပြင်းပြထက်သန်သူတို့ကလည်း မိမိတို့ပြည်ထောင်စုကြီးကို ပြည့်စုံကြွယ်ဝသော ရွှေနိုင်ငံအဖြစ် အားကြိုးမာန်တက် တည်ဆောက်နေကြပေသည်။**

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်က တောင်ပေါ်မြေပြန့် တိုင်းရင်းသားစုံ မျိုးချစ်တို့၏ အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီဖြင့် သူ့ကျွန်မခံ တွန်းလှန်သည့် တရားသောစစ်ပွဲများမှ အမျိုးသားရေးကြိုးပမ်းမှု စံနမူနာ၊

လွန်ခဲ့သည့် (၈၆)နှစ်က မြန်မာတစ်မျိုးသားလုံး နယ်ချဲ့၏ ကျွန်ပညာဇာတ်သွင်းရေး မသမာလုပ်ရပ်ကို ၁၉၂၀ပြည့်နှစ်၌ ပြည်သူတစ်ရပ်လုံး၏ ဆန့်ကျင်ကန့်ကွက်မှုဖြင့် ဖယ်ရှားနိုင်ခဲ့သည့် အမျိုးသားအောင်ပွဲစံနမူနာ၊

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ သွေးစည်းညီညွတ်မှုဖြင့် လွတ်လပ်ရေးအောင်ပန်းကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ဆွတ်ခူးနိုင်ခဲ့သည့် အမျိုးသားရေးခွန်အားစံနမူနာတို့ကို ယခုနှစ် အမျိုးသားနေ့တွင် ပြန်လည်ပွားများယူသင့်ကြပေသည်။

ယနေ့မြန်မာတို့၏ အမျိုးသားအကျိုးစီးပွား ဟူသည်မှာ-

(၁) **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံနှင့်ပြည်သူတို့ ထာဝရလွတ်လပ်နေစေရန်နှင့် အချုပ်အခြာအာဏာပိုင်စိုးနေစေရန်၊**

(၂) **ပြည်သူတို့ အစဉ်တောင့်တနေခဲ့ရာမှ လက်တွေ့ရရှိပြီးဖြစ်သော ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားရန်၊**

(၃) **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်သုံးဖော်ဆောင်ရန်၊**

(၄) **ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်လာစေရန်၊**

(၅) **ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖော်ထုတ်ရန်၊**

(၆) **ကောင်းမြတ်ပြီး ခိုင်မာမြဲမြံမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာစေရန်၊**

(၇) **ယင်းအမျိုးသား အကျိုးစီးပွားကို ထိပါးနှောင့်ယှက်နေသည့် ပြည်တွင်းပြည်ပအဖျက်သမားများကို ပြည်သူ့သဘောထားလေးရပ်နှင့်အညီ ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းပစ်ရန်**

တို့ ဖြစ်ပေသည်။

ယင်းအမျိုးသား အကျိုးစီးပွားများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် အမျိုးသား အကျိုးစီးပွား၏ အဟန့်အတားအနှောင့်အယှက်များ ဖယ်ရှားရေးသည် အမျိုးသားနေ့၏ လက်ဆောင်ကမ်း အမျိုးသားရေး သမိုင်းပေးတာဝန်ဖြစ်လေသည်။ ပြည်သူတို့၏ အမျိုးသားရေးပန်းတိုင်မှာလည်း အထက်ပါ အမျိုးသားအကျိုးစီးပွားများကို အခြေပြုထားသည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ ထိုအမျိုးသားရေးပန်းတိုင်မှာ **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် တည်ဆောက်ရေး"**ပင် ဖြစ်သည်။

ထို့ကြောင့် တိုက်တွန်း၊ ဆော်သြ၊ ပန်ကြားလိုသည်မှာ…

**"အမျိုးသားရေးမို့…ကြိုးပမ်းကြပါစို့…"**။ ။

# နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

**နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၇ နာရီက အဆိုပါ စေတီတော်တည်ထားကိုးကွယ်မည့် ကုန်းတော်၌ ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ပရိတ်ကျောက်အိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

အဆိုပါ မြေသန့်မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တပ်ကုန်းမြို့နယ် ရွာဦးစန္ဒာရုံကျောင်း ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

### ဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တပ်ကုန်းမြို့ ရွာဦး စန္ဒာရုံကျောင်း ပဓာနနာယက ဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်သည်။

### ပရိတ်တရား

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် သမန္တာစက္ကာ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှ သုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ဝတ္ထုကံတွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်ကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ဥပ္ပါတ သန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံကျောင်း ပဓာန နာယက ဆရာတော်အား ပရိတ်ကျောက်အိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်တို့က အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား စေတီတော် ဝတ္ထုကံ နယ်နိမိတ်အတွင်း ပင့်ဆောင်ကြသည်။ ဥပါသကာများကလည်း ပရိတ်ကျောက်အိုးများကို ယူဆောင်၍ စေတီတော် ဝတ္ထုကံ နယ်နိမိတ်အတွင်း သတ်မှတ်နေရာအသီးသီး၌ နေယူကြသည်။



**ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ အခမ်းအနားတွင် ဝတ္ထုကံ နယ်နိမိတ်အတွင်း ပရိတ်ကျောက်အိုးကို မြှုပ်နှံပြီး အမွှေးနံ့သာ ပက်ဖျန်းစဉ်။** (သတင်းစဉ်)

### အမွှေးနံ့သာပက်ဖျန်း

ထို့နောက် ဆရာတော် သံဃာတော်များက အနန္တရာယိက ကမ္မဝါ ရွတ်ဖတ်တော်မူကြသည်။

ယင်းနောက် စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူ ရတင်အောင်မြင့်ဦးက မင်္ဂလာအချိန်အခါဖြစ်သည့်နံနက်၇နာရီ၄၅မိနစ် စက္ကန့်၂၀ တွင် ဝတ္ထုကံ နယ်နိမိတ်အတွင်း ပရိတ်ကျောက်အိုးကို မြှုပ်နှံပြီး အမွှေးနံ့သာ ပက်ဖျန်းပေးသည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရက အောင်ဆုမင်္ဂလာ အမျှဝေ စာတမ်းကိုဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မြေသန့် မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မဟာမင်္ဂလာအခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြသည်။

### ဝတ်ရွတ်ပူဇော်

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် အနန္တရာယိက မြေသန့်မဟာမင်္ဂလာနှင့် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားများ မကျင်းပမီ အကြိုရက်များတွင် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ ဆရာတော် သံဃာတော်များက ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခြင်း၊ အန္တရာယ်ကင်း သီရိမင်္ဂလာ ပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ကမ္မဝါ ရွတ်ဖတ်ပူဇော်ခြင်းများ ပြုတော်မူကြပြီး ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ ပျဉ်းမနား တပ်နယ်ရှိ တပ်ရင်း တပ်ဖွဲ့များနှင့် ပျဉ်းမနားမြို့ပေါ်ရှိ ဝတ်အသင်းအဖွဲ့များကလည်း ဝတ်ရွတ်ပူဇော်ကြသည်။

### တည်ဆောက်မည်

ဥပ္ပါတသန္တိစေတီတော်ကို ဉာဏ်တော်အမြင့် ၃၂၅ ပေရှိမည့် ရွှေတိဂုံပုံတူ စေတီအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ စေတီတော်နှင့်အတူ ပေ ၁၇၀ X ၁၄၄ ပေရှိ သာသနာ့ဗိမာန်တော်၊ ပေ ၉၀ X ၃၆ ပေရှိ သံဃာရာမ လေးဆောင်နှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ၄၅ ပေပတ်လည်ရှိ သိမ်တော်၊ ပေ ၄၀၀ ပတ်လည်ရှိ ရေကန်တော်၊ ပေ ၁၅၀ ပတ်လည်ရှိ ရှင်ဥပဂုတ္တကန်တော်၊ ပေ ၃၀၀ X ပေ ၁၅၀ ရှိ ဇောတိဥယျာဉ် စသည့် သာသနိက အဆောက်အအုံများကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကုလသမဂ္ဂ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ကုလသမဂ္ဂဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ( နိုင်ငံရေးရာ ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

### ပို့ဆောင်နှုတ်ဆက်

ကုလသမဂ္ဂ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါ

မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂအာရှရေးရာဌာန ညွှန်ကြားရေးမှူး မစ္စတာ ဝွန်ရီနင်ဂျာနှင့် အရာရှိ မစ္စတာ အာဝင် ပူချူးအတ်စ်တို့လည်း ပြန်လည်လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# ပန်းတနော် အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ပန်းတနော်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက တတိယ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း မြတ်ပညာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲသို့ ဖိတ်စာရ သည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ် ပစ္စည်းများ လှူဒါန်းလိုပါက အထက၊ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၄၆-၃၀၃၈၁၊ ဒေါက်တာအောင်ဇော်မြင့် ဖုန်း-၀၉-၅၀-၀၂၁၄၁၊ ဦးအောင်ထွန်း ဖုန်း-၀၁-၂၄၂၂၄၉၊ ၂၅၃၅၄၉၊ ဦးထွန်းထွန်း ဖုန်း-၀၁-၂၈၄၈၉၆၊ ဦးတင်ညွန့် ဖုန်း-၀၁-၆၄၁၈၂၉၊ ဦးစိန်ဝင်း ဖုန်း-၀၄၆-၃၀၂၄၃၊ ဦးတင်စိုး ဖုန်း-၀၄၆-၃၀၂၅၅၊ ဦးအေးမြင့် ဖုန်း-၀၄၆-၃၀၃၈၃နှင့် ဦးအေးမြင့်၊ နာယက၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖုန်း-၀၄၆-၃၀၁၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ( ၂ )၊ အမှတ် ( ၄၅ ) ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၂)၊ အမှတ်(၄၅)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အခန်းဆက် ကိုရီးယားခရီးသွားဆောင်းပါး ဈေးကြီးသောဆိုးလ်နှင့် ရေသန့်ဘူး သင်ခန်းစာ၊ မြန်မာ-ထိုင်း နယ်စပ်မြို့များတွင် ယာယီ ပတ်စ်ပို့များ ထုတ်ပေးပြီ၊ ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှု စစ်ဆေးရာတွင် ကွဲလွဲမှုများတွေ့ရှိပါက ဒဏ်ငွေ ကျပ်သိန်း ၆၀ ပေးရမည်၊ ပြည်တွင်းထုတ်ကား တစ်လခွဲအတွင်း လိုင်စင်ဝင်နိုင်ပြီ၊ ကုလသမဂ္ဂ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ)နှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေသည်။

ရှရင်ဂမ် တစ်ယောက်ကတော့ ဟောင်းနေလည်းပဲ ကောင်းနေဆဲ အားကစားသတင်းဆောင်းပါးနှင့် အတူ အီလက်ထရွန်နစ်ယာဉ်မောင်း လိုင်စင် ထိုင်းနိုင်ငံတွင် ထုတ်ပေးတော့မည်၊ ရိုးလ်စ် ရွိုက်စ်အင်ဂျင်ကုမ္ပဏီ စင်ကာပူ၌ စက်ရုံတည်မည်ဟုဆို၊ ဟင်းချက်နန္ဒင်း အဆစ်မြစ်ရောင် ရောဂါကို သက်သာစေနိုင်သလား စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားအားလုံး နေထိုင်ရာဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကားများ ရှိကြသော်လည်း အညာတစ်ခုတည်းက ပေါက်ဖွားသီးပွင့်လာသည့် တစ်သွေးတည်း တစ်သားတည်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများဖြစ်

စာမျက်နှာ ၆ မှ

များကို ရပ်တန်းကရပ်လျှင်ရပ်၊ မရပ်လျှင် တိုင်းဖျက်၊ ပြည်ဖျက်၊ အမျိုးဖျက်သည့် သစ္စာဖောက်တို့ သွားရာလမ်းအတိုင်း စေ့စေ့ညက်ညက် ပျက်သုဉ်းသွားအောင် ချေမှုန်းပစ်လိုက်မည်ဟု ဤနေရာကနေ မျိုးဆက်သစ်လူငယ်ထုကြီးကိုယ်စား ရဲရဲတောက်ကြေညာလိုက်ပါကြောင်း။

**ပြည်ထောင်စုမပြိုကွဲရေး** သည် နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်၊ **တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး** သည် နိုင်ငံတော်အတွက် အရေးအကြီးဆုံးအချက်၊ **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး** သည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် မြတ်နိုးတန်ဖိုးအထားရဆုံးအသက်ဖြစ်ကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသည် ဤမြေမှာ မွေး၊ ဤမြေမှာ ကြီးကြသည့် မိမိတို့အားလုံးအတွက် အတိတ်၊ ပစ္စုပ္ပန်မှသည် အနာဂတ်ကာလတိုင် ထာဝစဉ်ထမ်းဆောင်ရမည့် မွေးရာပါတာဝန်ပင်ဖြစ်ကြောင်း။

မိမိတို့ မျိုးဆက်သစ်လူငယ်များ အားလုံးသည် နိုင်ငံတော်ကြီးအတွက်–

- **အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားအောင် စွမ်းဆောင်ကြပါမည်။**
- **အမျိုးသား ယဉ်ကျေးမှုတွေကို ထိန်းသိမ်းကြပါမည်။**
- **ကျန်းမာကြံ့ခိုင် ပညာရည်မြင့်မားအောင် ကြိုးပမ်းကြပါမည်။**
- **စည်းရုံးရေးမှူး ကောင်းများ၊ တည်ဆောက်ရေးမှူးကောင်းများဖြစ်အောင် ရပ်တည်ကြပါမည်။**
- **နိုင်ငံတော်ကြီးကို လုံခြုံအောင်၊ တိုးတက်အောင်၊ ထည်ဝါခံ့ညားအောင် ပြည်သူများ နှင့် အတူ တည်ဆောက်ကြပါမည်။**

၎င်းတို့သည် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူငယ်ထုကြီး၏ သန္နိဋ္ဌာန်စိတ်ဖြစ်ပါကြောင်းကို လူငယ်ထုကြီး၏ ကိုယ်စား မိမိအနေဖြင့် ကတိသစ္စာပြု တင်ပြအပ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရေးအတွက် မည်ကဲ့သို့ အခက်အခဲ၊ အတားအဆီးမျိုးပဲတွေ့တွေ့ အမျိုးသားရေး မူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကိုမိမိတို့ မျိုးဆက်သစ်လူငယ်များအားလုံးက မဆုတ်မနစ် အသက်ပေး ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ သန္နိဋ္ဌာန်ပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် "စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၊ ရှင်သန်ခိုင်မာရေးကဏ္ဍ" နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစံလင်းက ဆွေးနွေးတင်ပြသည်။

ပြည်ထောင်စု၏အားသည် ပြည်ထောင်စုတွင်းရှိ ပြည်နယ်နှင့် တိုင်းအားလုံး၏ စုပေါင်းအား ဖြစ်ကြောင်း၊ ထိုစုပေါင်းအားသည် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်မှာ မူတည်ကြောင်း၊ စည်းလုံးညီညွတ်မှု အားကောင်းလျှင် ပြည်ထောင်စုအင်အား တောင့်တင်းခိုင်မာပြီး စည်းလုံး ညီညွတ်မှုအားနည်းလျှင် ပြည်ထောင်စုအင်အား လျော့နည်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု အင်အားတောင့်တင်း ခိုင်မာစေရေးအတွက် တည်ဆောက်ရာတွင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးသည် ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် ရာသက်ပန် အတူတကွနေထိုင်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားများ ရာသက်ပန် အတူတကွ ပူးပေါင်းလက်တွဲ နေထိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝရှိရန် လိုအပ်ကြောင်း "ပြည်ထောင်စုစိတ်ဓာတ်"ဆိုသည်မှာ ပြည်ထောင်စုကြီး တစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟုလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသည့် သဘောထား ခံယူချက်ပင်ဖြစ်ကြောင်း၊ ရေမြေတောတောင် သဘာဝမတူညီကြသည့် ဒေသအသီးသီးတွင် နေကြသော်လည်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများဟာ ဆွေမျိုးသားချင်း ညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်သည်ဟု ခံယူသည့်စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများ ဖြစ်သည်ဟု ခံယူသည့်စိတ်ဓာတ်၊ တစ်ဦးတွင် အရေးကြုံလျှင် တစ်ဦးက မပစ်မပယ်၊ တစ်လုံးတစ်စည်းတည်း ပူးတွဲရင်ဆိုင်ဖြေရှင်းလိုသည့် စိတ်ဓာတ်၊ မရှိအတူ ရှိအတူ အေးအတူပူအမျှ ခံစားကြမည်ဆိုသည့်စိတ်ဓာတ်၊ အရေးကြီးက သွေးစည်းကြမည်ဟု ခံယူသည့်စိတ်ဓာတ်၊ တောင်ပေါ်နှင့်မြေပြန့် မခွဲခြားဘဲ တစ်သားတည်းရှိမည်ဟု ခံယူသည့်စိတ်ဓာတ်တို့ကို ပေါင်းရုံးစုစည်းခေါ်ဆိုခြင်းပင် ဖြစ်ကြောင်း။

"မျိုးချစ်စိတ်ဓာတ်"ဆိုတာကလည်း ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစာပေယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးကိုမငဲ့ဘဲ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားမယ်ဆိုသည့် စိတ်ဓာတ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် "ပြည်ထောင်စု၏ မည်သည့် နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံးထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်"ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကာကွယ် စောင့်ရှောက်မည် ဆိုသည့် စိတ်ဓာတ်သည်လည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းတွင် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြသည့် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ ဦးဆောင်ခဲ့သည့် ခေတ်ကာလကို ကြည့်လျှင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် နိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့ကြသည့်အတွက် ပြည်တွင်း၌ ဖွံ့ဖြိုး တိုးတက်ရုံသာမက ပြည်ပကပါ လေးစားကြရသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့သည့် သာဓကများသည် မိမိတို့မျက်မှောက် ကာလတွင် တာဝန်ယူကြရမည့်သူများ အားကျ ဂုဏ်ယူနမူနာယူစရာ တစ်ရပ်ပင်ဖြစ်ကြောင်း။

အချို့သော အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၌ သူတို့ဖြစ်စေလိုသည်မှာ သူတို့ဩဇာခံ ရုပ်သေးအစိုးရကိုတင်ပြီး မြန်မာနိုင်ငံကို သူတို့ခြယ်လှယ်လိုချင်သည့် အခါတွင် လိုသလို ခြယ်လှယ်နိုင်ဖို့ရန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သူတို့၏ ရည်ရွယ်ချက်အောင်မြင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂကို ခုတုံးလုပ်ခြင်း အပါအဝင် နည်းလမ်းမျိုးစုံ အသုံးပြုပြီး ဆက်လက် လုပ်ဆောင်ကြဦးမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံက ယခု ဆောင်ရွက်နေသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မိမိနိုင်ငံနှင့် မိမိလူမျိုးလက်ထဲမှာပင်ရှိရန် အာမခံနိုင်သည့် အခြေခံဥပဒေပင်ဖြစ်ကြောင်း၊ ယခု ချမှတ်ထားသည့် အခြေခံမူနှင့်ရေးဆွဲမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာလျှင် တိုင်းတစ်ပါး ဩဇာခံ ပုဂ္ဂိုလ်များသည် နိုင်ငံအကြီးအကဲ မဖြစ်နိုင်တော့ကြောင်း။

## နိုင်ငံ့သစ္စာဖောက်များနှင့်ပူးပေါင်း

ထို့ကြောင့် အနောက်နိုင်ငံ အချို့သည် နည်းမျိုးစုံသုံးပြီး နိုင်ငံတော်က ဆောင်ရွက်နေသည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ဖျက်လိုဖျက်ဆီး လုပ်မည်ဆိုသည်ကို ခန့်မှန်းနိုင်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံအချို့၏ အရင်က ဆောင်ရွက်ခဲ့မှု၊ အခုဆောင်ရွက်နေမှုများကိုကြည့်လျှင် ရှေ့ဆက်ပြီး မည်သည့်လမ်းကြောင်းကို ဆက်လုပ်မည်ဆိုသည်ကိုပါ ခန့်မှန်းသိရှိနိုင်ကြောင်း၊ အချို့သော အနောက်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံကို ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်မှုရှိအောင် လုပ်ကြဦးမည် ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဒို့တာဝန်အရေးသုံးပါးကိုအားပျော့အောင်၊ ချည့်နဲ့အောင်၊ ပျက်ပြားအောင် လုပ်ကြဦးမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် နိုင်ငံ့သစ္စာဖောက်များနှင့် ပူးပေါင်းပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအပေါ် အဖျက်လုပ်ငန်းများ လုပ်နေကြဦးမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံနှင့် အချုပ်အခြာအာဏာကိုကာကွယ်နိုင်ရန် တိုင်းရင်းသားပြည်သူအားလုံးတွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာထွန်းကားနေရေးပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ခိုင်မာထွန်းကားလာလျှင် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် အချုပ်အခြာ အာဏာခိုင်မာစွာဖြင့် ဆက်လက် ဝင့်ထည်စွာ တည်တံ့နေစေမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသား အားလုံးတွင် ဤပြည်ထောင်စုမျိုးချစ် စိတ်ဓာတ် စိမ့်ဝင်ပျံ့နှံ့ ထွန်းကားခိုင်မာ တည်တံ့ရေးကို မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက အလေးအနက်ထားပြီး ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ "ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှု အင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍ" နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို ပဲခူးတိုင်း(အနောက်) နတ်တလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင့်လွင်က ဆွေးနွေးတင်ပြရာတွင် အလင်းနှင့်အမှောင် အဖြူနှင့်အမည်း အပြုနှင့်အဖျက်ဆိုသည့် လူ့သဘာဝ နိယာမအရ ဆန့်ကျင်ဘက်တို့၏ အားပြိုင်မှုများမှာရှိကြမြဲဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အနောက်နိုင်ငံကြီးတချို့၏ သွေးထိုးမြှောက်ပင့်ပေးမှုနှင့် ပြည်တွင်းက အာဏာကို ဖြတ်လမ်းက ရယူလိုသည့် အဖွဲ့အစည်းအချို့က ဖျက်လိုဖျက်ဆီး လုပ်နေကြသည်ကိုလည်း တွေ့မြင်နေရကြောင်း။

## ကျင့်သုံးနေ

အနောက်အင်အားကြီးနိုင်ငံတစ်နိုင်ငံကလည်း ယင်းတို့ကျင့်သုံးသည့် ဒီမိုကရေစီစနစ်သည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် အကျုံးဝင်မှန်ကန်သည်ဟု ယူဆပြီး လိုက်နာကျင့်သုံးစေရန် လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ ယင်းတို့မှာ ခေတ်သစ် နယ်ချဲ့များ၏ ချဲ့ထွင်ရေး ပေါ်လစီကို ကျင့်သုံးနေခြင်းပင်ဖြစ်ကြောင်း။

ယင်းသို့လုပ်ဆောင်ရာတွင်ဆွဲဆောင်စည်းရုံးမှု၊ အကျပ်ကိုင်မှုများနှင့် လုပ်ဆောင်လေ့ရှိသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

စစ်ရေးအရ ကျူးကျော်သိမ်းပိုက်ရန် မဖြစ်နိုင်သည့် အခြေအနေမျိုးတွင် ယင်းတို့အလိုကျ ဆောင်ရွက်ပေးမည့်သူများကို အာဏာရရှိစေရန် နည်းမျိုးစုံနှင့် လုပ်ဆောင်နေသည်ကိုလည်း သိမြင်ကြရမှာဖြစ်ကြောင်း။

ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်ရပ်များ၊ ကြိုးပမ်းကြံစည်နေမှုများ၊ စီးပွားရေး ဟန့်တားပိတ်ဆို့မှု၊ ကုန်သွယ်ရေး ဟန့်တားပိတ်ဆို့မှု၊ ရင်းနှီးမြှုပ်နှံမှုမပြုရန် ဟန့်တားပိတ်ဆို့မှု၊ ကမ္ဘာလှည့်ခရီးသည်များ မလာရောက်ကြရန် ဟန့်တား ပိတ်ဆို့မှု၊ လူမှုရေးအကူအညီများ၊ အထောက်အပံ့များ၊ ချေးငွေများပိတ်ဆို့မှု၊ မြန်မာနိုင်ငံ၏ ဒုက္ခသည်များ၊ လူမျိုးတုံးသတ်ဖြတ်မှုများ၊ ကလေးစစ်သားအသုံးပြုမှုများ၊ လူကုန်ကူးမှုများ၊ အဓမ္မပြုကျင့်မှုများ၊ အဓမ္မလုပ်အားစေခိုင်းမှုများ၊ မူးယစ်ဆေးဝါးစသည့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ၊ အဝါရောင်၊ အဖြူရောင် လှုပ်ရှားမှုများ၊ လက်မှတ်ရေးထိုးလှုပ်ရှားမှုများ၊ သဘောထားမမှန်သော ဘာသာရေးခုတုံးလုပ် ဝတ်ပြုဆုတောင်းမှုများ၊ ဆူပူအုံကြွမှုဖြစ်စေရန် စည်းရုံးလှုပ်ရှားမှုများ၊ အထင်အမြင်လွဲမှားအောင် မီဒီယာများကိုအသုံးပြုပြီး ဝါဒဖြန့်မှုများ၊ မြန်မာ့အရေးကို ကမ္ဘာ့အရေးဖြစ်အောင် ကုလသမဂ္ဂကိုအသုံးချမှုများ စသည့် လုပ်ရပ်များသည် နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်များသာ ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်များကို သန်းကျော်သော အသင်းဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ကိုယ်စား ပြတ်ပြတ်သားသား ဆန့်ကျင် ကန့်ကွက် ရှုတ်ချကြောင်း အသိပေး ပြောကြားလိုကြောင်း။

ယင်းသို့ လုပ်ဆောင်မှုမျိုးများကို ဆက်လက် လုပ်ဆောင်လာကြဦးမှာဖြစ်သည့်အတွက် အသင်းဝင်အားလုံးက ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲပြီး တိုက်ဖျက်ချေမှုန်းသွားရမှာဖြစ်ကြောင်း။

တချို့ကလည်း တစ်လွဲထင်ပေါ်ကျော်ကြားမှု၊ စေတနာမမှန်သည့် နိုင်ငံတကာအဖွဲ့အစည်းအချို့၏ ဆုကြေးအမည်ခံ ငွေကြေး ပေးကမ်းမှုများကို မျှော်ကိုးပြီး ထောင်ကျအောင် လုပ်ဆောင်မှုတွေရှိနေသည်ဟုလည်း ကြားသိရကြောင်း။

## တံလျှပ်ကိုရေထင်

အမေက မွေး၊ ထောင်က ကျွေးဆိုသည့် စကားမှာ ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်ရန် ကြိုးပမ်းစဉ်ကာလက မှန်ကန်သော်လည်း နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းနေသည့်ကာလတွင် အလွန်မှားယွင်းသည့်လုပ်ရပ်များပင်ဖြစ်ကြောင်း၊ တံလျှပ်ကိုရေထင်ပြီး အလိုက်မမှားကြရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တွေသည် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ရုံသာမက နိုင်ငံတော် အပေါ်မှာ ကျရောက်လာမည့် အန္တရာယ် အသွယ်သွယ်ကိုလည်း ကာကွယ်တားဆီးနိုင်ရမှာဖြစ်ကြောင်း၊ အန္တရာယ်များကျရောက်လာမည်ဆိုလျှင်လည်း တွန်းလှန်ချေမှုန်းသွားရမှာဖြစ်ကြောင်း။

ထို့ကြောင့် အသင်းဝင် အားလုံး ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံတော် တည်ငြိမ်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပိုမို တိုးတက်အောင် ပြည်သူလူထုနှင့် ဝိုင်းဝန်းဆောင်ရွက်သွားကြမည့်အပြင် အဖျက်သမားများ၏ လုပ်ရပ်မှန်သမျှကိုလည်း ရှင်းလင်းစွာ သိမြင်လာအောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအားလုံး အမှန်အတိုင်း သိရှိလာရေး ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများမှာ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အမှန်အတိုင်း သိရှိရေးနှင့်ရောက်ရှိရာ နိုင်ငံများမှာ လိုအပ်လာလျှင် ထပ်ဆင့်ရှင်းလင်း ပြောကြားနိုင်ရေးကိုလည်း စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အဖျက်လုပ်ငန်းများ လုပ်ကိုင်ရန် ပြည်တွင်းကို ဝင်ရောက်လာသည့် အဖျက်သမားများ ရှိလာလျှင်လည်း အသင်းကြီး၏ စည်းလုံးညီညွတ်သည့် အင်အား၊ ပြည်သူများ၏ စွမ်းအားနှင့် ပေါင်းစပ်ပြီး လက်စတုံးချေမှုန်းသွားနိုင်ရေး ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်ကို အောင်မြင်စွာချေမှုန်းနိုင်ခဲ့သကဲ့သို့ မျက်မှောက်ကာလ၌လည်း ဘယ်လိုအကြမ်းဖက် နှောင့်ယှက်ဖျက်ဆီးသူတွေပင် ဖြစ်ပါစေ ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားနှင့် အောင်မြင်စွာချေမှုန်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့်ပြည်တွင်း၊ ပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေး အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

## ဆက်လက်ကျင်းပ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) တတိယနေ့အစီအစဉ်များကို နံနက် ၁၀နာရီတွင် ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် သူရဦးအောင်ကိုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ် ရေးမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်နုနုမွန်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဇင်မာလင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

အစီအစဉ်အရ နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းတင်ပြရာ ရှေးဦးစွာ "စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ" နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် "ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ ကဏ္ဍ" နှီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များနှင့် စပ်လျဉ်းပြီးပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်ထွတ်က ပြန်လည်ရှင်းလင်းတင်ပြပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) တတိယနေ့ အစည်းအဝေးအစီအစဉ်များကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

# ညီလာခံကိုယ်စားလှယ်များ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာလေ့လာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၁၂

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။**

## ကြည့်ရှုလေ့လာ

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ နန်းမြင့်မျှော်စင်၊ ဗမာရွာ၊ ရခိုင်ရွာနှင့် ထုက္ကန်သိမ်၊ မွန်ရွာနှင့် ကျိုက်ထီးရိုးဘုရား၊ ကရင်ရွာနှင့် ဇွဲကပင်တောင်၊ ချင်းရွာနှင့် ရိဒ်ရေကန်၊ ကချင်ရွာနှင့် ခါကာဘိုရာဇီတောင်၊ ရှမ်းရွာနှင့် အင်းလေးကန်၊ ကယားရွာနှင့် တောင်ကွဲစေတီနှင့် ငွေတောင်ဆည်၊ မိကျောင်းကန်၊ ငှက်ရုံ၊ ရွှေသမင်နှင့် သစ်တောပြကွက်များကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး ကျင်းပသော တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့်ပြပွဲ၊ ပြိုင်ပွဲအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြပွဲခန်းမအတွင်းရှိ ဌာနဆိုင်ရာ အသီးသီးမှ ပြထားသော ပြခန်း ၄၀ နှင့် ကုမ္ပဏီပြခန်း ၆၆ ခန်းတို့ကိုလည်းကောင်း၊ စက်မှုဇုန်များမှ ပုဂ္ဂလိကမော်တော်ယာဉ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ ထုတ်လုပ်ထားသော မော်တော်ယာဉ်များကို လည်းကောင်း၊ ပြပွဲအတွင်းရှိ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ဝတ်ပြုဆုတောင်း

အလားတူ ခရစ်ယာန် ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့်ကြိုဆို နေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားဂရာလမ်းရှိ ချင်းနှစ်ခြင်း ခရစ်ယာန်သာသနာ့ရိပ်သာသို့သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ **(သတင်းစဉ်)**



**အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲတွင် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

# ကွမ်းခြံကုန်းမြို့နယ်တရားရုံး၌ စစ်ဆေးလျက်ရှိသည့် မမှန်မကန်တိုင်ကြားမှုအတွက် ပြန်လည်တရားစွဲဆိုသည့်အမှုတွင် NLD ပါတီဝင်များ ဝင်ရောက်ခြေရှုပ်နှောင့်ယှက်ရန် ကြံရွယ်လုပ်ဆောင်နေ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာနေ ဒေါ်ခင်ဝင်း(ဘ) ဦးပုလဲသည် ညောင်ပင်သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းရှိန်အား ကျွဲနွားမှောင်ခို လုပ်သူထံမှ ငွေတောင်းခံခြင်း၊ နိုင်ငံပိုင် လယ်များကို တရားမဝင် အရောင်း အဝယ်ပြုလုပ်ခြင်း၊ နွေစပါးစိုက်ပျိုးရန် စာရင်းများကို လိမ်လည်စာရင်းတင်၍ ဒီဇယ်ဆီနှင့် ဓာတ်မြေသြဇာများ လိမ်လည်ထုတ်ယူ ရောင်းချခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲတိုင်ကြားခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ကော့မှူးမြို့နယ်မှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ စစ်ဆေးခဲ့ရာ မှန်ကန်မှုမရှိသည်ကို တွေ့ရှိခဲ့ရကြောင်း။

## လွှဲပြောင်းပေး

ထို့အတွက် စက်တင်ဘာ ၂၇ ရက်တွင် ဦးဝင်းရှိန်က ဒေါ်ခင်ဝင်းအား ပြန်လည်တရားစွဲဆိုခဲ့သဖြင့်ဒေါ်ခင်ဝင်းအား ခရိုင်တရားရုံးမှ ပုဒ်မ(၂၁၁)ဖြင့် စစ်ဆေးခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် ကွမ်းခြံကုန်းမြို့နယ်တရားရုံးသို့ အမှုကို လွှဲပြောင်းပေးခဲ့ကြောင်း။

## အင်အားပြကူညီ

ကွမ်းခြံကုန်းမြို့နယ် တရားရုံးက ချိန်းဆိုသည့် နိုဝင်ဘာ ၆ ရက်တွင် ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာနေ NLD ပါတီဝင် မစုစုနွေး၊ တွံတေးမြို့နယ် NLDပါတီဝင် ကိုဇော်ဇော်နှင့် NLDပါတီဝင် ရှစ်ဦးတို့သည် ကွမ်းခြံကုန်းမြို့နယ် NLDဥက္ကဋ္ဌ ဦးကျော်စိန်အောင် နေအိမ်မှတစ်ဆင့် ကွမ်းခြံကုန်းမြို့နယ်တရားရုံးသို့ နံနက် ၁၁ နာရီခွဲတွင် သွားရောက်ခဲ့ကြကြောင်း၊ ၎င်းတို့သည် တရားခံ ဒေါ်ခင်ဝင်းဘက်မှ အမှုအနိုင်ရရေးအတွက် သွားရောက်အင်အားပြ ကူညီခြင်းဖြစ်ကြောင်း။

အဆိုပါအမှုဖြစ်စဉ်တွင် NLD ပါတီဝင်များသည် မမှန်မကန်တိုင်ကြားသူ ဒေါ်ခင်ဝင်းအား ကူညီအားပေးအားမြှောက်ပြု၍ တရားစီရင်ရေး ကိစ္စရပ်များတွင် ဝင်ရောက်ခြေရှုပ်နှောင့်ယှက်ရန် ကြံရွယ်လုပ်ဆောင်နေသည်ဟု ကွမ်းခြံကုန်း မြို့နယ်နှင့် ကော့မှူးမြို့နယ်ရှိ ပြည်သူလူထုအတွင်း ဝေဖန်ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

**(က–ပ)**

# ပါကစ္စတန်တပ်မတော်ဘောလုံးအသင်း ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည့် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်း ခေါင်းဆောင် Brigadier General, Muhammad Naseem Khan ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

## ပို့ဆောင်နှုတ်ဆက်

အဆိုပါ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်းအား တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. Zafar Jamil နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

**စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်**

# ပရီမီယာလိဂ်ပွဲစဉ် ရက်ဒင်းက တော့တင်ဟမ်ကို အနိုင်ရ

**လန်ဒန် နိုဝင်ဘာ ၁၂**

ပရီမီယာလိဂ်ပွဲစဉ်(၁၂)ပြိုင်ပွဲ လက်ကျန်အဖြစ် ရက်ဒင်းအသင်းနှင့် တော့တင်ဟမ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ရက်ဒင်းက အိမ်ကွင်း၌ တော့တင်ဟမ်ကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တော့တင်ဟမ်တို့ ရက်ဒင်းကို ရှုံးနိမ့်ခဲ့သော်လည်း ဦးဆောင်ဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် ရော်ဘီကိန်းက ပယ်နယ်တီဖြင့် သွင်းယူပေးခဲ့သည်။

ပထမပိုင်းတွင် အိမ်ကွင်း၌ ရက်ဒင်းတို့ တန်ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ နစ်ကီရှိုရေးနှင့် ဆစ်ဝဲတို့က နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည်။

## အနိုင်ဂိုးသွင်းယူ

ဒုတိယပိုင်းတွင် ရက်ဒင်းတို့ ဂိုးအသာရနေ၍ တော့တင်ဟမ်ကို ပြန်ဖိလာရာ ပွဲချိန် ၇၉ မိနစ်တွင် ကီဗင်ဒွိုင်းလီက ရက်ဒင်းအသင်းအတွက် တတိယမြောက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ရက်ဒင်းအသင်းသည် ပရီမီယာလိဂ်တွင် လေးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့သော်လည်း ယခုပွဲတွင် တော့တင်ဟမ်အသင်းကို ထိုက်တန်သောအနိုင်ရရှိမှုဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရက်ဒင်းအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၂)အပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးထားသည်။

**(အင်တာနက်)**

# ပါတီနှင့် ပါတီလုပ်ငန်းများကို စိတ်ပါဝင်စားမှု မရှိတော့၍ ဒီပဲယင်းမြို့နယ် NLD ပါတီဝင် ဦးဆွေငြိမ်း နုတ်ထွက်

**ရန်ကုန် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သည့် မိညိုကုန်းကျေးရွာမှ ဦးဆွေငြိမ်းသည် ဇူလိုင် ၃၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ကြောင်း ၎င်း၏ ဆန္ဒအလျောက် နုတ်ထွက်လွှာကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာ ပေးပို့နုတ်ထွက်ခဲ့သည်။

ဒီပဲယင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် လူမျိုးအကျိုး ရှေးရှုဆောင်ရွက်မှုမရှိသဖြင့် NLD ပါတီနှင့် ပါတီလုပ်ငန်းများကို စိတ်ဝင်စားမှု မရှိတော့ခြင်း၊ ယုံကြည်သက်ဝင်မှု မရှိတော့ခြင်းတို့ကြောင့် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

**ရှာရန်ရာနှုန်း၄၀**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။**




**လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း**






# တောင်ကိုရီးယားဓာတ်ပုံပညာရှင်များ၏ ထူးခြားသောလက်ရာများမြင်တွေ့ရမည့် ကိုရီးယား - မြန်မာ ပူးပေါင်းဓာတ်ပုံပြပွဲ

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၂**

မျက်မှောက်ကမ္ဘာကြီးသည် ယဉ်ကျေးမှု ကူးလူးဆက်ဆံရာတွင် ပိုမိုလျင်မြန်စွာ ဖြစ်ထွန်းလာသလို တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှုအနုပညာ ပေါင်းစည်းရှင်သန်မှုမှာလည်း အားကောင်းလာလျက်ရှိသည်။



**ဖျိုင်းငှက်ကလေးများ အပင်ပေါ်နားရန် ဟန်ပြင်နေပုံကို ဓာတ်ပုံပညာရှင် ဆုဂျောင်ကီက ဤသို့ ဓာတ်ပုံမှတ်တမ်းတင်ထားသည်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ပြည်သူတို့အနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ အနုပညာအပေါ် စိတ်ဝင်စားမှု များပြားသလို အားပေးမှုလည်း များပြားလှသည်ဖြစ်ရာ အထူးသဖြင့် တောင်ကိုရီးယား ရုပ်မြင်သံကြား ဇာတ်လမ်းများကား မြန်မာပရိသတ်တို့ အသည်းစွဲဖြစ်လေသည်။

**တွေ့ဆုံမေးမြန်းခဲ့**

ယခုအခါ ကိုရီးယား-မြန်မာ ပူးပေါင်းဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ Espace Avenir ၌ Air Bagan က ကြီးမှူးပြသထားရာ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိကာ ကိုရီးယား-မြန်မာ ပူးပေါင်းဓာတ်ပုံပြပွဲအကြောင်း တစ်စေ့တစ်စောင်းကို တောင်ကိုရီးယားမှ ဓာတ်ပုံပညာရှင်များ၊ ပြည်တွင်းမှ ဓာတ်ပုံပညာရှင်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။

**ပထမဆုံးပြပွဲဖြစ်**

ကိုရီးယား-မြန်မာပူးပေါင်းဓာတ်ပုံပြပွဲတွင် တောင်ကိုရီးယားနိုင်ငံမှ ဓာတ်ပုံပညာရှင် ၁၃ ဦးနှင့် မြန်မာဓာတ်ပုံပညာရှင်ခုနစ်ဦးတို့၏ ဓာတ်ပုံပေါင်း၆၀ခန့်ကို ပူးတွဲတင်ပြ ပြသထားခြင်းဖြစ်ပြီး ယခုပြပွဲသည် ပထမဆုံးပြပွဲလည်း ဖြစ်သည်။

**လေ့လာကြည့်ရှုသူများပြား**

မြန်မာဓာတ်ပုံ ပညာရှင်များမှာ စိန်မျိုးမြင့်၊ မိုးမင်း၊ ထင်လင်း(Golden Arrow)၊ ဇော်မြင့်(နာဂရာ)၊ ဖေမြင့်ဦး၊ ပုဂံမောင်မောင်နှင့် ရုပ်ရှင်သရုပ်ဆောင် လွင်မိုးတို့၏ လက်ရာများပါဝင်သည်။ ဓာတ်ပုံပြပွဲကျင်းပရာ ခန်းမအတွင်း အအေးဓာတ်လွှတ်ပေးထားသဖြင့် ဓာတ်ပုံပြကွက်များကို တစ်ခုချင်း စိတ်အေးချမ်းသာစွာ ကြည့်ရှုလေ့လာရသည်။ ခန်းမအတွင်း မြန်မာဓာတ်ပုံဆရာများ၊ တောင်ကိုရီးယားဓာတ်ပုံဆရာများနှင့် လာရောက်လေ့လာကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်။

မြန်မာဓာတ်ပုံ ပညာရှင်များမှ ကိုလွင်မိုးအား သူ၏ဓာတ်ပုံများနှင့် ခင်းကျင်းပြသမှုကို မေးမြန်းရာ "ဒီဓာတ်ပုံပြပွဲကို မနှစ်ကတည်းက ပြဖို့စီစဉ်နေတာပါ၊ အခု အဲယားပုဂံက ကြီးမှူးကျင်းပပေးတာဖြစ်ပြီး ကျွန်တော့် ဓာတ်ပုံသုံးပုံ ပြသထားပါတယ်၊ ချောင်းသာအနီး ဥတိုတံတားပေါ်က ရိုက်ထားတဲ့ပုံရယ်၊ အင်းလေးမှာ ရိုက်ထားတဲ့ပုံနဲ့ ပုသိမ်မှာ ရိုက်ထားတဲ့ပုံတွေပါ"ဟု ရှင်းပြသည်။

**ရိုက်ချက်အားကောင်း**

လွင်မိုး၏ **"မှန်ပေါ်မှလှေ"**အမည်ပေးထားသောဓာတ်ပုံမှာ ကြည်လင်တည်ငြိမ်နေသော ရေပြင်ပေါ်တွင် လှေများငြိမ်သက်စွာရှိနေပုံကို အပေါ်စီးမှ အနီးကပ်ရိုက်ယူထားခြင်းဖြစ်ရာ ပုံရိပ်ကြည်လင်ပြတ်သားမှုကြောင့် ပုံမှာ ငြိမ်နေသော်လည်း ကြည့်သူကို စိတ်လှုပ်ရှားမှု ဖြစ်ပေါ်စေသည်။ အလင်းအမှောင်၊ အနီးအဝေး၊ ရိုက်ကွက်အားကောင်းလှသည်ဖြစ်ရာ ကြည့်သူကို အငိုက်မိသွားစေအောင် ရိုက်ချက်အားကောင်းလှသည်။

**အမြင်ချင်းဖလှယ်**

ထို့နောက် တောင်ကိုရီးယားနိုင်ငံ၏ International Photographic Committee (IPC)မှ ဥက္ကဋ္ဌနှင့် ဓာတ်ပုံဆရာလည်းဖြစ်သူ ဟွန်းဒုံဆူအား ဓာတ်ပုံပြပွဲနှင့် ပတ်သက်၍ မေးမြန်းရာ "ဓာတ်ပုံပြပွဲ အနေနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ပူးတွဲကျင်းပဖြစ်တာပါ။ နိုင်ငံတကာမှာတော့ အထူးသဖြင့် တရုတ်၊ မလေးရှား စတဲ့နိုင်ငံတွေနဲ့ အကြိမ် ၅၀ကျော်လောက် ပြပြီးဖြစ်ပါတယ်။ အခုလိုပြသတာ နှစ်နိုင်ငံ ချစ်ကြည်ရေး အတွက်ကောင်းသလို ကျွန်တော်တို့ ဓာတ်ပုံဆရာတွေအတွက်လည်း အမြင်ချင်းဖလှယ်လို့ ရတာပေါ့"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

**သိမ်မွေ့လွန်း**

ဓာတ်ပုံဆရာ ဟွန်းဒုံဆူသည် တောင်ကိုရီးယားတွင် နိုင်ငံကျော် ဓာတ်ပုံပညာရှင်တစ်ဦးဖြစ်ပြီး ခံစားမှုကိုပေါ်လွင်အောင်၊ သဘာဝကျအောင် အဖြူအမည်းဖြင့် ဓာတ်ပုံရိုက်ခြင်းကို စိတ်ဝင်စားသူဖြစ်သည်။ ယခုပွဲ၌ သစ်ကိုင်းပေါ်ငှက်လေးများ နားနေပုံ၊ ပန်းပွင့်လေးတစ်ပွင့်ပုံနှင့် ငှက်လေးများပျံနေပုံတို့ကို ဓာတ်ပုံပညာဖြင့် ရိုက်ကူးထားသည်မှာ သိမ်မွေ့လွန်းလှသည်။



**ဓာတ်ပုံပညာရှင် အမျိုးသမီး လီဟော့ဆူလ်၏ သစ်ပင်များပေါ်နှင်းများ ကျဆင်းနေပုံပြကွက်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ချင်းတိုင်းရင်းသားတွေရဲ့ဓလေ့**

မြန်မာဓာတ်ပုံဆရာ စိန်မျိုးမြင့်၏ ဓာတ်ပုံလက်ရာများကား မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့တို့မှ ချင်းတိုင်းရင်းသားတို့၏ပုံများကို သဘာဝအတိုင်း အနီးကပ် ရိုက်ကူးထားခြင်းဖြစ်သည်။ ချင်းအမျိုးသမီး မျက်နှာတွင် ပရဲထိုးထားမှုကို ပေါ်လွင်အောင် ရိုက်ပြထားရာ "ဒီဓာတ်ပုံတွေဟာ ချင်းတိုင်းရင်းသားတွေရဲ့ဓလေ့နဲ့ ယဉ်ကျေးမှုကို ပေါ်လွင်အောင် ပြချင်လို့ အခုလိုပြသဖြစ်တာပါ"ဟု ပြောကြားသွားသည်။

**သဘာဝအလှအတိုင်းရိုက်ပြ**

နောက်ဓာတ်ပုံပြကွက်တစ်ခုမှာ တောင်ကိုရီးယားမှ ဓာတ်ပုံဆရာ လီဂျုံဟမ်၏ ဓာတ်ပုံလက်ရာ ပြကွက်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံရှိ ပတ်ကျီတောင်ပေါ်တွင် ပေါက်နေသော မှော်ပင်လေးများကို အနိမ့်၊ အမြင့်ရှုထောင့်များမှ သဘာဝအလှအတိုင်း ဓာတ်ပုံရိုက်ပြထားခြင်းဖြစ်သည်။ ရေမှော်ပင်လေးများ တစ်ပင်ချင်းကွဲအောင် ရုပ်ပုံတည်းဖြတ်မှု ကောင်းလွန်းလှသည်။လီဂျုံဟမ်က "အုပ်စုလိုက်ဓာတ်ပုံပြပွဲတွေကို တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှားနိုင်ငံတွေမှာ ၃၅ ကြိမ်လောက် ပြခဲ့ပြီးပါပြီ၊ မြန်မာနိုင်ငံမှာ ပထမဆုံး ပြသတာပါ။ မြန်မာဓာတ်ပုံဆရာတွေရဲ့ ရိုက်ချက်တွေလည်း ကောင်းတာတွေ့ရတယ်၊ တော်ကြပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

ထို့နောက် မြန်မာဓာတ်ပုံဆရာ ဇော်မြင့်(နာဂရာ)၏ဓာတ်ပုံပြကွက်၌ ကိုရင်လေးများ လှုပ်ရှားမှုဓာတ်ပုံသုံးပုံဖြစ်သည့် ပုဂံရွှေဆံတော်ဘုရား၌ ဝတ်ပြုနေကြပုံ၊ အာနန္ဒာဘုရားအနီး ဇရပ်ကြီးတစ်ခုအနီး ထီးပျက်၍ပြင်နေသော ကိုရင်လေးများပုံနှင့် မြစည်းခုံဘုရားအနီး ဆွမ်းခံအပြန်ပုံများကို ပြသထားသည်။ ကိုဇော်မြင့်(နာဂရာ)က "ကိုရင်လေးတွေရဲ့သဘာဝဟန်ပန်အတိုင်းကို ရိုက်ယူထားတာပါ။မြန်မာတို့ရဲ့ဘာသာရေးမှာ ကိုရင်လေးတွေကို ဖော်ကျူးပြပေးချင်တာပါ"ဟုပြောကြားသည်။

**အံ့သြစွာတွေ့ရ**

တစ်ဖန် တောင်ကိုရီးယားမှ ဓာတ်ပုံပညာရှင် ဆုဂျောင်ကီ၏ ဓာတ်ပုံပြကွက်၌ ဖျိုင်းငှက်ကလေးများ အပင်ပေါ်နားရန်ဟန်ပြင်နေပုံ၊ ဖျိုင်းငှက်များ ပျံသန်းနေပုံနှင့် သစ်ပင်ပေါ်တွင် နားနေပုံတို့ကို အမိအရဖမ်းယူရိုက်ကူးထားပုံများ ပြသထားသည်။ အယူအဆ၊ အတွေးခေါ်နှင့် အမြင်များကို တစ်ခဏအတွင်း ပုံပေါ်အောင် ရိုက်ယူထားသည်ကို အံ့သြစွာတွေ့ရသည်။ "ဓာတ်ပုံရိုက်သက်က နှစ် ၄၀ကျော်ပါပြီ၊ နိုင်ငံတကာပြပွဲတွေလည်း အများကြီးပြပြီးပါပြီ၊ တောင်ကိုရီးယားနိုင်ငံ ဒေကူးမြို့မှာနေပါတယ်၊ အခုဓာတ်ပုံတွေက ဒေကူးမြို့ ဝန်းကျင်မှာ အချိန်အကြာကြီးစောင့်ပြီး ရိုက်ယူထားတဲ့ပုံတွေပါ၊ မြန်မာနိုင်ငံမှာတော့ ဒီပြပွဲက ပထမဆုံးအကြိမ်ပါ၊ မြန်မာနိုင်ငံမှာ သဘာဝရှုခင်းတွေ အများကြီးရှိတယ်၊ မပြန်ခင်မှာ ရိုက်သွားပါမယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။



**Air Bagan Limited (International) က ကြီးမှူးကျင်းပသော မြန်မာ-ကိုရီးယား ပူးပေါင်းဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလွင်မိုးနှင့် တောင်ကိုရီးယားနိုင်ငံ International Photographic Committee (IPC) မှ ဥက္ကဋ္ဌ ဟွန်းဒုံဆူတို့က ဤသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထို့နောက် မြန်မာဓာတ်ပုံပညာရှင် ထင်လင်း(Golden Arrow)၏ဓာတ်ပုံပြကွက်၌ နာဂတိုင်းရင်းသားကြီး၏ သဘာဝအတိုင်း ဝတ်စားဆင်ယင်နေထိုင်ပုံ၊ ရိုးရာဓလေ့မောင်းထောင်း၊ ဆန်ပြာစသည့် လုပ်ငန်းများလုပ်ကိုင်ပုံ၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ သွားကြသည့် တိုင်းရင်းသားတို့၏ ပုံများကို လက်စွမ်းပြရိုက်ကူးထားခြင်းဖြစ်သည်။ "နှစ်နိုင်ငံချစ်ကြည်ရေးအနေနဲ့ဆိုတော့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကို ဓာတ်ပုံပညာနဲ့ဖော်ပြပေးချင်လို့ပါ"ဟု ထင်လင်းက ပြောကြားသည်။

**အရမ်းပျော်ဖို့ကောင်း**

တစ်ဖန် တောင်ကိုရီးယားမှဓာတ်ပုံပညာရှင်အမျိုးသမီး လီဟော့ဆူလ်၏ ဓာတ်ပုံပြကွက်၌ သစ်ပင်များပေါ်နှင်းများကျဆင်းနေပုံကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ရိုက်ပြထားသည့် ရှုထောင့်အမျိုးမျိုးမှဓာတ်ပုံများဖြစ်သည်။ လီဟော့ဆူက "တောင်ကိုရီးယားနိုင်ငံ ဒေကူးမြို့ကပါ၊ ဒီပုံတွေက တောင်ကိုရီးယားနိုင်ငံရဲ့ ဆောင်းရာသီအချိန်နံနက်ပိုင်းမှာ ဓာတ်ပုံရိုက်ယူထားတာပါ၊ တရုတ်၊ ဂျပန်နဲ့အခြားနိုင်ငံတွေမှာ အုပ်စုလိုက် ဓာတ်ပုံပြပွဲလုပ်တာ အကြိမ် ၂၀လောက်ရှိပါပြီ၊ မြန်မာနိုင်ငံမှာ ပထမဆုံးလာပြီး ဓာတ်ပုံပြပွဲ လုပ်ရတာ အရမ်းပျော်ဖို့ကောင်းပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

**တင်ပြပုံထိမိ**

တောင်ကိုရီးယားမှ အမျိုးသမီး ဓာတ်ပုံပညာရှင် နောက်တစ်ဦးမှာ လီအင်ဂျာဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၌ တောင်တန်းများပေါ်တွင် သဘာဝပန်းများပွင့်နေပုံကို ရှုထောင့်ကောင်းဖြင့် ရိုက်ယူထားသည့် ပုံများဖြစ်သည် "ကိုရီးယား-မြန်မာ ပြပွဲတိုင်း ဓာတ်ပုံတွေ ပါဝင်ပြသဖို့ ဆုံးဖြတ်ထားပါတယ်၊ မြန်မာဓာတ်ပုံ ဆရာတွေရဲ့ လက်ရာ အလွန်ကောင်းကြတယ်။ အယူအဆနဲ့ တင်ပြပုံတွေ ထိထိမိမိရှိတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ကိုရီးယား-မြန်မာ ပူးပေါင်းဓာတ်ပုံပြပွဲမှာ နှစ်နိုင်ငံချစ်ကြည်မှု၊ ယဉ်ကျေးမှု အနုပညာများပေါင်းစည်းမှု၊ ဖလှယ်မှု၊ အပြန်အလှန်ပူးပေါင်းနိုင်မှုများတိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ရာ ကိုရီးယားနှင့် မြန်မာဓာတ်ပုံပညာရှင်တို့၏လက်ရာကောင်းများကို ပြည်သူများအခမဲ့ လေ့လာသွားရောက် ကြည့်ရှုနိုင်ပါကြောင်း သတင်းစကား ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

**ဓာတ်ပုံဆရာ လီဂျုံဟမ်၏ တောင်ကိုရီးယားနိုင်ငံရှိ ပတ်ကျီတောင်ပေါ်တွင် ပေါက်နေသော မှော်ပင်လေးများကို ဤသို့ ရိုက်ကူး ဖော်ပြထားသည်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



မှန်ပေါ်မှ လှေ

**မှန်ပေါ်မှလှေ အမည်ပေးထားသော ဓာတ်ပုံပညာရှင် လွင်မိုး၏ လက်ရာ။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ဧည့်ပရိသတ်များ နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ကာကွယ်ရေးဦးစီးချုပ်(လေ)၊ကာကွယ် ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ ဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီး အကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ၊ *စာမျက်နှာ ၇ ကော်လံ ၁* ●





**ဥပ္ပါတသန္တိစေတီတော်ကို ဉာဏ်တော်အမြင့် ၃၂၅ ပေရှိမည့် ရွှေတိဂုံပုံတူစေတီ အဖြစ် တည်ဆောက်သွားမည်၊ စေတီတော်နှင့်အတူ ပေ ၁၇၀ X ၁၄၄ ပေရှိ သာသနာ့ဗိမာန်တော်၊ ပေ ၉၀ X ၃၆ ပေရှိ သံဃာရာမလေးဆောင်နှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ၄၅ ပေ ပတ်လည်ရှိ သိမ်တော်၊ ပေ ၄၀၀ ပတ်လည်ရှိ ရေကန်တော်၊ ပေ ၁၅၀ ပတ်လည်ရှိ ရှင်ဥပဂုတ္တ ကန်တော်၊ ပေ ၃၀၀ X ပေ ၁၅၀ ရှိ ဗောဓိဥယျာဉ် စသည့် သာသနိက အဆောက်အအုံများကို လည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။**